ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (12-10-2005) (၄၇၄၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တပ်မတော် အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ကြည့်ရှုအားပေးပြီး ပထမဆုရအသင်းအား ဆုဖလားချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၁၁

တပ်မတော် အားကစားနှင့်ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပသည့် ၂၀၀၅ ခုနှစ် (၂၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလားကို ပေးအပ်ချီးမြှင့်သည်။

ဗိုလ်လုပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးများမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ၊ တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် တပ်မတော်(ရေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ တတိယဆုရရှိသော အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းနှင့် ဒုတိယဆု ရရှိသော တပ်မတော်(ရေ)အသင်းတို့မှ တစ်ဦးချင်းဆုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဗိုလ်မှူးချုပ်ဇင်ယော်က လည်းကောင်း၊ ပထမဆုရရှိသော

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ပေးအပ်ချီးမြှင့်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ ခုနှစ် (၂၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားကြီးနှင့် ကိုယ်ပွားဖလားတို့ကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၁–၁၀–၂၀၀၅)

ကျော့သောင်း	၀ ဒသမ ၉၈ လက်မ
ကလေး	၀ ဒသမ ၇၈ လက်မ
ကန့်ဘလူ	၀ ဒသမ ၂၄ လက်မ

ကြေးမုံ The Mirror

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

- *ယခုအခါ ကျေးလက်ဒေသများတွင် ကျေးလက်အိမ်ရာများ၊ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးလင်းရေး စသည့် အစီအစဉ်များဖြင့် အဘက်ဘက်မှ ပေါင်းစပ်ဖြည့်ဆည်း တည်ဆောက်ပေးမှုများကြောင့် ကျေးလက်ဒေသများ ပိုမိုဖွံ့ဖြိုး စည်ပင်လာနေပြီဖြစ်သည်။* (ခေါင်းကြီး) (စာမျက်နှာ–၂)

- *ရေစီးရေလာအားကောင်းတဲ့မြစ်များဟာ မြန်မာနိုင်ငံတစ်ကြောက တောတောင်များကနေပြီး တသွင်သွင် စီးဆင်းလာတဲ့ရေများ စုစည်းပြီးမှ ဖြစ်လာနိုင်တာပါပဲ။ ထို့အတူ ပြည်ထောင်စုသားများရဲ့အားတွေ စုစည်းလာလေလေ တိုးတက်ဖွံ့ဖြိုးနိုင်တဲ့အခြေအနေတွေ ပေါ်ပေါက်လာနိုင်လေလေပါပဲ။*
  ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၏ **"ရေကိုသား၍ အကြားမထင်နိုင်ပါ"**
  (ဆောင်းပါး) (စာမျက်နှာ–၆)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၂-၁၀-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

ကျောင်းဆောင်သစ်၊ ဆေးပေးခန်းနှင့် တံတားများ တိုးမြှင့်ဖွင့်လှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း

ယနေ့ကာလသည် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ စည်းလုံးညီညွတ်သော စွမ်းအားဖြင့် နိုင်ငံတော် အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေး၊ တိုင်းရင်းသား ပြည်သူအားလုံး လူနေမှု အဆင့်မြင့်မားစေရေး လုပ်ငန်းများကို ဟန်ချက်ညီညီဖော်ဆောင်နေသော အချိန်အခါဖြစ်သည်။

အထူးသဖြင့် ယခင်ခေတ်ကာလများက ဖွံ့ဖြိုးမှု နောက်ကျကျန် ခဲ့သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးတည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ ဖွံ့ဖြိုးမှု ကွက်လပ်မကျန်စေရေးအတွက် လည်း ဖွံ့ဖြိုးရေးအထူးဒေသကြီးများ သတ်မှတ်၍ ဒေသအလိုက် ဖော်ဆောင်ပေးနေသည်ကို တွေ့ရသည်။ ထိုနည်းတူ ကျေးလက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅) ရပ်ကိုပါ အရှိန်အဟုန်ဖြင့် ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလမ်းညွှန်မှုနှင့်အညီ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိရေး၊ ကျေးလက်နေ ပြည်သူများ၏ ပညာရေးအဆင့်မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ပေးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက် ရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဖော်ဆောင်လျက် ရှိသည်။

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ပနန်ကျေးရွာ ကိုယ့်အား ကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ၊ ကျေးလက် ကျန်းမာရေးဆေးပေးခန်းဖွင့်ပွဲနှင့် ပနန်-ပန်းခွာကျေးရွာ ပန်းလောင် မြစ်ကူးတံတားသစ်ဖွင့်ပွဲ အခမ်းအနားတို့ကို အောက်တိုဘာလ ၇ ရက် နေ့က အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။

ပနန်ကျေးရွာသည် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ကျောက်ဆည်-မြစ်သားဖြတ်လမ်းမှ အတွင်းဘက် လေးမိုင်အကွာတွင် တည်ရှိသည်။ ကျေးရွာတွင် အိမ်ခြေပေါင်း သုံးရာကျော်ရှိပြီး လူဦးရေ ၁၇၀၀ ကျော် နေထိုင်လျက်ရှိသည်။

ပနန်ကျေးရွာတွင် ယခုကဲ့သို့ အခြေခံပညာကျောင်းနှင့် ကျောင်းဆောင်သစ်၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းတို့ကို ဖွင့်လှစ်နိုင်သည့်အတွက် ပနန်ကျေးရွာအတွက်သာမက အနီးပတ်ဝန်း ကျင် ဒေသရှိ ကျေးရွာများမှ ပြည်သူများအတွက်ပါ ပညာရေးမြှင့်တင် မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမို လွှမ်းခြုံပေးနိုင်တော့မည် ဖြစ်သည်။

ထို့အပြင် ပနန်-ပန်းခွာကျေးရွာ ကိုယ့်အားကိုယ်ကိုး ပန်းလောင် မြစ်ကူးတံတားသစ်ကို ဖွင့်လှစ်ပေးနိုင်သည့်အတွက် ပနန်ကျေးရွာနှင့် အခြားကျေးရွာများ၏ ကျေးရွာချင်းဆက်သွယ်သွားလာမှု ပိုမိုအဆင်ပြေ လွယ်ကူလာလျက်ရှိသည်။

နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါ သည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် လမ်းများ၊ တံတား များကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် စေတနာရှင်များကလည်း ငွေအား၊ လူအားဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိရာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ပိုမို တိုးတက်အောင်မြင်လာသည်ကို တွေ့ရသည်။

ယခုအခါ ကျေးလက်ဒေသများတွင် ကျေးလက်အိမ်ရာများ၊ ဇီဝ ဓာတ်ငွေ့ဖြင့်လျှပ်စစ်မီးလင်းရေး စသည့်အစီအစဉ်များဖြင့် အဘက်ဘက်မှ ပေါင်းစပ်ဖြည့်ဆည်း တည်ဆောက်ပေးမှုများကြောင့် ကျေးလက်ဒေသ များ ပိုမိုဖွံ့ဖြိုးစည်ပင်လာနေပြီဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်နှင့်အတူ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ အားလုံးက အရှိန်အဟုန်မပျက် ဆက်လက် ကြိုးပမ်းဖော်ဆောင် သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (ဆောက်လုပ်ရေး)

မြေလမ်းကို ကျောက်လမ်း၊ ကျောက်လမ်းကို ကတ္တရာလမ်းအဆင့်ဆင့်တိုးမြှင့် တံတားကြီးများတည်ဆောက်ရာတွင် ပြဋ္ဌာန်းထားသည့်အတိုင်းဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ လမ်း/တံတားအဆောက်အအုံနှင့် လေယာဉ်ကွင်းစီမံကိန်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ အင်ဂျင်နီယာမှူး များနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်စောထွန်းက အဖွင့် အမှာစကားပြောကြားရာ၌ ယခု မိုးရာသီ ကုန်ဆုံးပြီး ပွင့်လင်းရာသီ အချိန်ကာလ ရောက်တော့မည်ဖြစ်၍ မိမိတို့ တာဝန်ယူနေသည့် လုပ်ငန်း များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက် သွားရန်လိုကြောင်း၊ အင်ဂျင်နီယာ မှူးကြီးများ၊ အင်ဂျင်နီယာမှူးများသည် မိမိတို့ တတ်ကျွမ်းထားသည့် ပညာ၊ အတွေ့အကြုံ၊ အသိတရားနှင့် ကြပ်မတ် ဆောင်ရွက်သွားမည်ဆိုလျှင် လမ်းများ၊ တံတားများ ပျက်စီးမှုမှာ ယခုထက် များစွာ လျော့နည်းသွားမည်ဖြစ်၍ မိမိ အတွက်၊ ဌာနအတွက်၊ နိုင်ငံတော် အတွက်ပါ အကျိုးရှိမည်ဖြစ်ကြောင်း၊ လမ်းခင်းပစ္စည်းများသုံးစွဲရာတွင် စနစ် တကျ ဆောင်ရွက်ရန် လိုကြောင်း၊ စက်သုံးဆီများကို အလေအလွင့်မရှိ စေရန် အထူးကြပ်မတ် ဆောင်ရွက် သွားကြရန်လိုကြောင်း၊ လမ်းများ ဖောက်လုပ်ရာ၌ မြေလမ်းကို ကျောက်လမ်းအဖြစ် လည်းကောင်း၊ ကျောက်လမ်းကို ကတ္တရာလမ်း အဖြစ် လည်းကောင်း အဆင့်ဆင့်တိုးမြှင့် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ စီမံကိန်းဝင် တံတားကြီးများ တည် ဆောက်ရာတွင် ပြဋ္ဌာန်းထားသည့် အတိုင်း စနစ်တကျ ဆောင်ရွက်ရန်၊ တံတားတည်ဆောက်ရေး ပစ္စည်းများ သုံးစွဲရာတွင် ပစ္စည်းအမျိုးအစားမှန်မှန် ကန်ကန်သုံးစွဲ သွားကြရန်လိုကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

လုပ်ငန်းညှိနှိုင်း

ယင်းနောက် ပြည်နယ်နှင့် တိုင်း များမှ အင်ဂျင်နီယာမှူးကြီးများက မိမိတို့ ပြည်နယ်နှင့်တိုင်းအလိုက် လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်း အခြေအနေ၊ ရန်ပုံငွေ ရရှိသုံးစွဲမှု အခြေအနေ၊ စက်ယန္တရားများနှင့် စက်သုံးဆီရရှိမှု အခြေအနေနှင့် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်း တင်ပြကြရာ ဝန်ကြီးက လိုအပ်သည် များကို ဖြည့်စွက်မှာကြားပြီး လုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ယူနက်စကိုအဖွဲ့ အထွေထွေညီလာခံမှ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံ ယူနက်စကိုအမျိုးသားကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပခဲ့သည့် (၃၃)ကြိမ်မြောက် ယူနက်စကိုအဖွဲ့၏ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ လာသည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းအား ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ပညာရေးဝန်ကြီးဌာနမှ ဒုတိယ ဝန်ကြီးများ ဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ် အောင် မျိုးမင်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန် အပြည် ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြသည်။

တက်ရောက်

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်း ဆောင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး သည် (၃၃)ကြိမ်မြောက် ယူနက်စကိုအဖွဲ့၏ အထွေထွေညီလာခံ ကို အောက်တိုဘာ ၅ရက်မှ ၈ ရက်အထိ တက်ရောက်ခဲ့သည်။

ပညာရေးဝန်ကြီးဌာန ဝန်ကြီးသည် အောက်တိုဘာ ၆ ရက်တွင် မြန်မာနိုင်ငံ က အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိသော ပညာရေးလုပ်ငန်းများ ဆိုင်ရာ မိန့်ခွန်းကို ပြောကြားရာ၌ မြန်မာနိုင်ငံ ပညာရေးကဏ္ဍတွင် နိုင်ငံ ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို အမျိုးသား ရေးလုပ်ငန်း အဖြစ်ခံယူထားကြောင်း၊ ပညာရေးမြှင့်တင်ရေး အစီအစဉ်များကို နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်နေကြောင်း၊ပညာ ကို လူတိုင်းသင်ယူနိုင်ရေးအတွက် ပညာရေးနည်းလမ်း အသွယ်သွယ် ကိုလည်း ရေးဆွဲအကောင်အထည်ဖော် လျက်ရှိကြောင်း၊ ပညာရေးကဏ္ဍ၌ ICT ကိုအလေးထား ဆောင်ရွက် နေကြောင်း၊e-education learning centre များ၊ electronic data brodcasting စနစ်နှင့် VSAT Network များထူ ထောင်ပြီးဖြစ် ကြောင်း၊ e-libraryနှင့် e-government လုပ်ငန်းများကိုလည်း ဆောင် ရွက်နေပြီဖြစ်ကြောင်း၊ ကျောင်းသင် ပညာရေးစနစ်၌ လူတိုင်း အကျုံးဝင် ပညာရေး (Inclusive Education) ကို အကောင်အထည်ဖော် ဆောင် ရွက်နေကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့် ရှောက်ရေးအသင်းနှင့် အခြားလူမှုရေး နှင့် ဘာသာရေးအသင်းအဖွဲ့များသည် ကျောင်းသင်ပညာရေးနှင့် ကျောင်းပြင်ပ ပညာရေး လုပ်ငန်းများကို အကောင် အထည်ဖော်နေသည့် ဝန်ကြီးဌာန များနှင့် ပူးပေါင်းကာ ဆောင်ရွက် နေကြောင်း၊ မြန်မာနိုင်ငံသည် ယူနက်စကို အဖွဲ့နှင့် ဒေသဆိုင်ရာ ပညာရေး အဖွဲ့အစည်းနှစ်ခုဖြစ်သော ASEAN University Network နှင့် Southeast Asian Ministers of Education Organization များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက် နေကြောင်းများကို ထည့်သွင်းပြောကြား သည်။

ပါဝင်ဆွေးနွေး

ပညာရေးဝန်ကြီးဌာန ဝန်ကြီးသည် အထွေထွေညီလာခံသို့ တက်ရောက် နေစဉ် အောက်တိုဘာ ၇ရက်နှင့် ၈ရက် တို့တွင် ကျင်းပသော ပညာရေး ဝန်ကြီးများ၏ လူတိုင်းအတွက် ပညာ ရေး ဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲတွင် လည်း ပါဝင်ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)



❍ ရှေ့ဖုံးမှ

ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းမှ တစ်ဦးချင်းဆုများကို စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်းက လည်းကောင်း၊ နေရာအလိုက် အကောင်းဆုံးဆုရရှိကြသော အားကစားသမားများနှင့် အသန့်ရှင်းဆုံးအသင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေကလည်းကောင်း ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပထမဆုရရှိသော ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလားကြီးနှင့် ကိုယ်ပွားဖလားတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

တပ်မတော် အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅ခုနှစ် (၂၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

စိုက်ပျိုးရေးနှင့်စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအဖွဲ့ ပထမအကြိမ် အစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၁

အဖွဲ့ဝင်ငါးနိုင်ငံ ပါဝင်သည့် ဧရာဝတီ၊ ကျောက်ဖယား၊ မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွင် မြန်မာနိုင်ငံမှ ဦးဆောင်သည့်လုပ်ငန်းအဖွဲ့ဖြစ်သော စိုက်ပျိုးရေးနှင့် စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ ပထမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံ၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ သဘာပတိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးက အမှာစကား ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များက စိုက်ပျိုးရေးကဏ္ဍနှင့် စက်မှုလက်မှုကဏ္ဍတို့တွင် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကိုတင်ပြကြပြီး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြသည်။ အဆိုပါ အစည်းအဝေးကို အောက်တိုဘာ ၁၂ရက်ထိ ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

ကြက်သွန်နီသည် ပြည်ပဝယ်လိုအားကောင်းပြီး ဈေးကွက်ရ မြေလွတ်မြေလပ်များ၌ သီးခြားတိုးချဲ့ ဖော်ထုတ်စိုက်ပျိုး

ရန်ကုန် အောက်တိုဘာ ၁၁

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ပပို့ကုန် ကြက်သွန်နီဧကငါးသောင်း စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ လယ်ယာကိုင်းကျွန်းသီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဝန်ကြီးက ဆွေးနွေးမှာကြားရာ၌ ယခုနှစ် ဆောင်းကြက်သွန်နီ စိုက်ပျိုးရာသီမှစတင်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ကြက်သွန်နီစိုက်ပျိုးဖြစ်ထွန်းနိုင်သော ဆည်တာတမံအောက်၊ ချောင်းရိုးတစ်လျှောက်နှင့် မြေလွတ်မြေလပ်များ၌ မူလစိုက်ဧကကို မထိခိုက်စေဘဲ သီးခြားတိုးချဲ့ဖော်ထုတ် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ပြည်ပ ဝယ်လိုအားကောင်းပြီး ဈေးကောင်းရသဖြင့် စိုက်ပျိုးထုတ်လုပ်သူများ အကျိုးဖြစ်ထွန်းသကဲ့သို့ ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုကြောင်း၊ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ ကုမ္ပဏီလုပ်ငန်းရှင်မည်သူမဆို သက်ဆိုင်ရာဌာနများသို့ သတင်းပေးပို့ ဆက်သွယ်လုပ်ကိုင်နိုင်ကြောင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် လယ်ယာကိုင်းကျွန်းသီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်တို့က အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးထုတ်လုပ်ရာ၌ ဆောင်ရွက်ဖွယ်များကို အသေးစိတ် ရှင်းလင်းပြောကြားကြပြီး ဌာနဆိုင်ရာများနှင့် ကုမ္ပဏီလုပ်ငန်းရှင်များက ဆွေးနွေးတင်ပြကြကာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

စုံစမ်းနိုင်

ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်လိုသူ ကုမ္ပဏီ လုပ်ငန်းရှင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဖုန်း-၂၄၃၁၅၁၊ လယ်ယာကိုင်းကျွန်းသီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်း ဖုန်း-၅၀၃၅၁၅၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဖုန်း-၂၅၀၂၂၁ တို့သို့ စုံစမ်းနိုင်သည်။ (သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အမှတ်(၈) အခြေခံပညာအလယ်တန်းကျောင်း၌ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ရက်က ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်နှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်အေးမြို့တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

အမှာစကားပြောကြား

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ရွှေခရမ်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း လီမိတက်၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အသင်းရုံးခန်းမ၌ အောက်တိုဘာ ၈ ရက်က ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးချို အမှာစကားပြောကြားစဉ်။ (က-ပ)

အခြေခံ ကွန်ပျူတာသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၁

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာန သတင်းနှင့်နည်းပညာကော်မတီက ကြီးမှူး၍ ဌာနတွင်း အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ်(၄/၂၀၀၅) ဆင်းပွဲကို အောက်တိုဘာ ၁၀ရက်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ အီလက်ထရွန်နစ်အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးအောင်မြင့် တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။ (သတင်းစဉ်)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၁၂-၁၀-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	မေးကြည့်ဖြေကြည့်ပဟေဠိ
၇:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၇:၄၅	တေးဂီတအစီအစဉ်
၇:၅၀	ကမ္ဘာ့အမြင် ကမ္ဘာ့စီးပွား(၂) ဒေါက်တာခင်မောင်ညို၊ ဦးမျိုးမြတ်သူ
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	ကွင်းမြေနမူနာ ထုတ်ယူခြင်းမှ ရရှိလာသော မြေနမူနာများအား ဓာတ်ခွဲစမ်းသပ်ခြင်း
၈:၃၀	ပြည်တွင်းသတင်းအကျဉ်း
၈:၃၅	ဖန်တီးသူတို့အနုပညာ (ရုပ်ပြောင်း၊ ရုပ်လွှဲ)
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	ပြည်သူ့အတွက်ကျန်းမာရေး (အရေပြားလေးဖက်နာရောဂါ မေးမြန်းခန်း)
၉:၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၃၅	(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို အားကစားအဖွဲ့ချုပ်များ၏ လေ့ကျင့်ပြင်ဆင်နေမှုများ (ဂျူဒို)
၉:၄၅	တေးဂီတအစီအစဉ်
၉:၅၀	သံလွင်မြစ်နဒီ လက်ခုပ်သံဝေစီ
၁၀:၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၁၀	မိုးလေဝသခန့်မှန်းချက်
၁၀:၁၅	ဗွီစီဒီမိတ်ဆက်(ဆုန်သင်းပါရ် -ဆက်ရန်)
၁၀:၃၅	မြန်မာ-မလေးရှားချစ်ကြည်ရေး ပိုက်ကျော်ခြင်းပြိုင်ပွဲ (အမျိုးသား သုံးယောက်တွဲပွဲစဉ်)
၁၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League
ဘောလုံးပွဲစဉ်များ

ညပိုင်း	**အစီအစဉ်**
၁၀:၁၅	Blackburn Rovers & West Bromwich
လိုင်း:	5-Cartoons(Relay)
၁၁:၅၀	EPL Highlights
လိုင်း:	5-Cartoons(Relay)
၁၂:၄၅	EPL Goals
လိုင်း:	5-Cartoons(Relay)

World Cup Qualifiers
ဘောလုံးပွဲစဉ်

၀၁:၁၀	England & Poland
လိုင်း:	5-Cartoons(Live)

အီရတ်၌ ပြည်တွင်းစစ် ဖြစ်လုနီးပါး အခြေအနေရောက်နေ အာရပ်အဖွဲ့ချုပ် အကြီးအကဲ ပြောကြား

လန်ဒန် အောက်တိုဘာ ၁၀

အီရတ်နိုင်ငံတွင် ပြည်တွင်းစစ်ဖြစ်ပွားလုနီးပါးအခြေအနေ ဆိုက်ရောက်နေပြီး အီရတ်ရှိ သဘောထား ကွဲပြားနေသည့် ဂိုဏ်းဂဏသီးသီး ပြန်လည်သင့်မြတ်စေမည့် ဦးဆောင်မှု သို့တည်းမဟုတ် ရှင်းလင်းပြတ်သားသည့် မဟာဗျူဟာလည်း မရှိကြောင်းဖြင့် အာရပ်အဖွဲ့ချုပ်အကြီးအကဲက စနေနေ့တွင် ပြောကြားလိုက်သည်။

အဖွဲ့ချုပ်က သဘောထား ကွဲကွဲပြားပြားဖြစ်နေသည့် အုပ်စုများ ပြန်လည်စုစည်း သင့်မြတ်လာစေရန် ဆောင်ရွက်မည်ဟု အာရပ်အဖွဲ့ချုပ် အကြီးအကဲဖြစ်သူ အမားမူဆာက ဘီဘီစီ ရေဒီယိုအသံလွှင့်ဌာနသို့ ပြောကြားသည်။

အီရတ်နိုင်ငံ၏ အခြေအနေသည် အလွန်တရာ တင်းမာနေပြီး တစ်ချိန်ချိန်တွင် ပြည်တွင်းစစ် ဖြစ်ပွားလာနိုင်ကြောင်း၊ ယင်းသို့သော အကြောင်းခြင်းရာကြောင့် မိမိတို့အနေဖြင့် သဘောထားများ ကွဲလွဲ၊ သဘောတူညီမှုမရှိ၊ ပဋိပက္ခများနှင့်ပစ်ခတ်မှုများ ဖြစ်ပွားနေသည့် အီရတ်နိုင်ငံကို လျစ်လျူရှုထားရန် မဖြစ်နိုင်ကြောင်း စသည်ဖြင့် အမားမူဆာက ဆက်လက် ပြောကြားသည်။

အီရတ်တွင်တစ်ယောက်တစ်ပေါက် တစ်သီးတစ်ခြားစီ ဖြစ်နေကြပြီး အီရတ်၏ အနာဂတ်ကံကြမ္မာနှင့် ပတ်သက်၍ စမ်းတဝါးဝါး နိုင်ငံရေး ကစားနေကြကြောင်း၊ ပြတ်သားသည့် မဟာဗျူဟာမရှိ၊ ပြတ်သားသည့် ဦးဆောင်မှုလည်း မရှိဖြစ်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အာရပ်အဖွဲ့ချုပ် အကြီးအကဲ အမားမူဆာ အီရတ်သို့ ပထမဆုံးအကြိမ် သွားရောက်ရန် ပြင်ဆင်သည့် အနေဖြင့် အာရပ်အဖွဲ့ချုပ်ကိုယ်စားလှယ်အဖွဲ့သည် အီဂျစ်မှ အီရတ်သို့ စနေနေ့က ထွက်ခွာသွားသည်။ အီရတ်၌ အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် ပတ်သက်သည့် ဆန္ဒခံယူပွဲကို ကိုယ်စားလှယ်အဖွဲ့က စောင့်ကြည့်လေ့လာမည်ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်နိုင်ငံ အယ်လ်ဟာ ကလီနိယာဒေသတွင် အီရတ်တစ်ဦးအား အပေါင်းပါတပ်ဖွဲ့များက ဖမ်းဆီးခေါ်ဆောင်လာသည်ကို အောက်တိုဘာ ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြကြေးမှုံ နိုင်ငံတကာသတင်းများ

အိုကီနာဝါမှ အမေရိကန် မရိန်းတပ်ဖွဲ့စစ်စခန်း ဂူအမ်ကျွန်းသို့ ရွှေ့ပြောင်းမည်

တိုကျို အောက်တိုဘာ ၁၀

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းရှိ အမေရိကန်မရိန်းတပ်ဖွဲ့စခန်းကို ဂူအမ်ကျွန်းသို့ ပြောင်းရွှေ့ရေးအစီအစဉ် အပါအဝင် ဂျပန်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အဆောက်အအုံများ ရွှေ့ပြောင်းရေးနှင့်ပတ်သက်သည့် အစီအစဉ်များကို ဂျပန်နှင့် အမေရိကန် အစိုးရတို့က မူအားဖြင့် သဘောတူညီ ထားကြကြောင်းဖြင့် ဂျပန် သတင်းစာတစ်စောင်က တနင်္လာနေ့က ရေးသားလိုက်သည်။

ယင်းအစီအစဉ်အရ အမေရိကန် ပြည်ပမရိန်းတပ်ဖွဲ့ အမှတ် (၃) စစ်စခန်းကို အိုကီနာဝါကျွန်းရှိ ကိုတီနီ စခန်းမှ ဂူအမ်ကျွန်းသို့ ရွှေ့ပြောင်းတော့မည်ဟု သတင်းရပ်ကွက်တချို့ကို ကိုးကား၍ ယူမီယူရီရှင်ဘွန်း သတင်းစာက ဖော်ပြသည်။ ယခုလောလောဆယ်တွင် ကိုတီနီစခန်းတွင် မရိန်းတပ်ဖွဲ့ဝင် ၄၀၀၀ ကျော်နှင့် အခြားလူများ နေထိုင်လျက်ရှိသည်။

ဂူအမ်ကျွန်းတွင် စစ်ဌာနချုပ် အဆောက်အအုံများနှင့် အိမ်ရာဆောက်လုပ်ရေး စရိတ်စကများကို ဂျပန်အစိုးရက ကျခံမည်ဖြစ်သည်။

မရိန်းတပ်ဖွဲ့ဝင်ဦးရေ ၁၈၀၀၀ အား ၃၀၀၀ မှ ၅၀၀၀ အထိ လျှော့ချသွားရန်ကိုလည်း ဂျပန်နှင့် အမေရိကန် နှစ်ဖက်စလုံးက သဘောတူထားကြသည်။

တပ်ဖွဲ့ဝင်ဦးရေ လျှော့ချရေးအစီအစဉ်သည် ထူးခြားမှုတစ်ခုဖြစ်ပြီး လက်တွေ့ကျသည့်အစီအစဉ်ဖြစ်ကြောင်း သတင်းစာကရေးသားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်တွင် ကားဗုံးပေါက်ကွဲမှုနှစ်ခုဖြစ်ပွား လူဒါဇင်ပေါင်းများစွာ အသက်ဆုံးရှုံး

ဘဂ္ဂဒက် အောက်တိုဘာ ၁၁

အီရတ်နိုင်ငံတွင် အင်္ဂါနေ့က ကားဗုံးပေါက်ကွဲမှုနှစ်ခုဖြစ်ပွားရာ အီရတ်နိုင်ငံသား ဒါဇင်ပေါင်းများစွာ သေဆုံးရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မြို့တော်ဘဂ္ဂဒက်တွင် ဖြစ်ပွားသော ကားဗုံးဖောက်ခွဲမှုမှာ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားကာ တိုက်ခိုက်ခြင်းဖြစ်သည်။ ယင်းတိုက်ခိုက်မှုကြောင့် ၂၅ ဦးထက်မနည်း သေဆုံးရကြောင်း ရဲဌာနချုပ်သို့ ဝင်ရောက်လာသည့် အစောပိုင်းသတင်းများတွင် ဖော်ပြသည်။ ပြောက်ကျားများသည် ထိခိုက်ဒဏ်ရာ ရရှိသူများထံ အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့များ သွားရောက် ကူညီနိုင်ခြင်းမရှိစေရန် ဟန့်တားပိတ်ပင်ခဲ့သဖြင့် သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာ ရရှိသူ ဦးရေကို လောလောဆယ်တွင် တိတိကျကျ မသိရှိရသေးပေ။

အီရတ်နိုင်ငံ အနောက်မြောက်ပိုင်း ဆီးရီးယားနယ်စပ်အနီးရှိ တယ်လ်အဖာမြို့တွင်လည်း ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူ ၃၀ ထက်မနည်းသေဆုံးရကြောင်း၊ တယ်လ်အဖာမြို့ရှိ ဈေးတစ်ဈေးအတွင်း ကားဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

အင်္ဂါနေ့ ဒေသစံတော်ချိန် နံနက် ၁၁နာရီတွင် အဝေးထိန်းစနစ်ဖြင့် ဗုံးကို ဖောက်ခွဲခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ တယ်လ်အဖာမြို့သည် ဘဂ္ဂဒက်မြောက်ဘက် ကီလိုမီတာ ၃၉၀ အကွာတွင် တည်ရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်နိုင်ငံ အနောက်ပိုင်းဒေသတွင် ဗုံးပေါက်ကွဲ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၁၀

အမေရိကန်နှင့် အီရတ် စစ်ဘက်က အီရတ်နိုင်ငံ အနောက်ပိုင်းဒေသတွင် ထိုးစစ်ဆင်နွှဲစဉ်အတွင်း လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်းဖြင့် အမေရိကန်စစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ပြည်ပမရိန်းတပ်ဖွဲ့ အမှတ်(၂) မရိန်းတပ်မှ မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသည် ရာမာဒီမြို့တွင် စနေနေ့က သေဆုံးခဲ့သည်ဟု စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ၅၀၀ ခန့်နှင့် အီရတ်တပ်ဖွဲ့ဝင် ၄၀၀ တို့သည် ပြောက်ကျားများအား နှိမ်နင်းရန် ရည်ရွယ်၍ တောင်တက်သမားစစ်ဆင်ရေးဟုခေါ်သည့် စစ်ရေးလှုပ်ရှားမှုတစ်ရပ် ဆင်နွှဲလျက်ရှိသည်။ အီရတ်နိုင်ငံ၌ အောက်တိုဘာ ၁၅ ရက်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ ဆန္ဒခံယူပွဲတစ်ရပ် မကျင်းပမီ စစ်ဆေးရေး ပြုလုပ်နေခြင်းဖြစ်သည်ဟု ကြေညာချက်တွင် ပါရှိသည်။

သေဆုံးသည့် တပ်ဖွဲ့ဝင်၏ သတင်းကို ၎င်း၏ ဆွေမျိုးသားချင်းများထံ အကြောင်းကြားနေဆဲဖြစ်၍ အမည်ကို ထုတ်ဖော်ပြောကြားမှု မရှိသေးပေ။

အမေရိကန် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ် မတ်လက ဝင်ရောက်ကျူးကျော်ခဲ့သည့်နောက် အီရတ်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၁၉၅၂ဦး ရှိပြီဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

တောင်အာရှမြေငလျင်ကြောင့် အာဖဂန်နစ္စတန်တွင် နှစ်ဦးသေဆုံး

ကဘူး အောက်တိုဘာ ၁၀

စစ်ကြောင့်ပျက်စီးခဲ့ရသော အာဖဂန်နစ္စတန်နိုင်ငံတွင် တောင်အာရှမြေငလျင်ဒဏ်ကြောင့် နှစ်ဦးသေဆုံးခဲ့သည်ဟု တာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။

သေဆုံးသူနှစ်ဦးအနက် တစ်ဦးမှာ မိန်းကလေးတစ်ဦးဖြစ်သည်။ ပါကစ္စတန်နယ်စပ် နန်ဂါဟာပြည်နယ် အရှေ့ပိုင်း၌ ငလျင်လှုပ်မှုကြောင့် နံရံများပြိုကျကုန်ပြီး ၎င်းတို့အပေါ်သို့ ပိမိသောကြောင့် သေဆုံးခြင်းဖြစ်သည်ဟု ပြည်ထဲရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူကပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကန်နိုင်ငံ နယူးအော်လင်းစ်မြို့တွင် ရာဇဝတ်မှုများ တိုးပွားလာလျက်ရှိ

နယူးအော်လင်းစ် အောက်တိုဘာ ၁၀

ကက်ထရီနာ လေမုန်တိုင်းဒဏ် ခံခဲ့ရပြီးနောက် နယူးအော်လင်းစ်မြို့နေ ပြည်သူများသည် အပျက်အစီးများ ရှင်းလင်းရေးအတွက် ၎င်းတို့၏မြို့သို့ ပြန်လာနေကြပြီဖြစ်ကြောင်း၊ မြို့သူ၊ မြို့သားများ စွန့်ပစ်ခဲ့ကြသည့် အိုးအိမ်များအား ဖောက်ထွင်းမှုများ အားကောင်းလာလျက်ရှိနေကြောင်း ရဲဌာနက တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။

အရာရှိ ၁၀၀ ခန့်ပါဝင်သည့် အဖွဲ့သစ်တစ်ဖွဲ့ကို ဖွဲ့စည်းလိုက်ပြီး သာမန်ကင်းလှည့်လုပ်ငန်းအပြင် နယူးအော်လင်းစ်မြို့တစ်ဝန်း တနင်္လာနေ့မှ စတင်ကင်းလှည့်လုပ်ငန်း စတင်ပြုလုပ်တော့မည်ဖြစ်သည်ဟု အဆိုပါမြို့ ရဲဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီးမာရီယွန်ဒီဖီလိုက ပြောကြားသည်။

ကက်ထရီနာလေမုန်တိုင်း ဩဂုတ်လ ၂၉ ရက်က တိုက်ခတ်ခဲ့ပြီးနောက် နယူးအော်လင်းစ်မြို့တွင် ဥပဒေမဲ့ လုပ်ရပ်များ ထိန်းချုပ်နိုင်မှုမရှိခဲ့မှုကြောင့် အဆိုပါ ရဲဌာနအနေဖြင့် ပြည်သူများ၏ ဝေဖန်ပြောကြားမှုကို ခံခဲ့ရသည်။ လုယက်မှုများတွင် ပါဝင်ပတ်သက်မှုရှိခဲ့သည်ဟု ယူဆကာ ရဲတပ်ဖွဲ့ ၁၂ ဦးအား ယခုအခါ စုံစမ်းစစ်ဆေးလျက်ရှိသည်။

ကက်ထရီနာလေမုန်တိုင်း တိုက်ခတ်အပြီး အစ်ထရက်စခန်းတွင် ယာယီအကျဉ်းစခန်းတစ်ခု ထူထောင်ခဲ့ပြီးနောက် ရဲဌာနက လူ ၄၀၀ ခန့်ကို ဖမ်းဆီးခဲ့သည်။

အဖမ်းခံရသူများ၏ ထက်ဝက်ခန့်သည် လုယက်မှု၊ ဖောက်ထွင်းမှုစသည့် ရာဇဝတ်ပြစ်မှုကြီးများကြောင့် အဖမ်းခံရခြင်းဖြစ်ပြီး လူအများစုကို နယူးအော်လင်းစ်မြို့သို့ ပြန်လာခွင့်ပြုလိုက်ရာ ယင်းပြစ်မှုနှုန်းထားသည် မြင့်မားလျက်ရှိနေသည်။

နယူးယောက်ပြည်နယ် ရဲနှင့် လူဝီစီယားနားရဲတပ်ဖွဲ့က နယူးအော်လင်းစ်မြို့ ရဲဌာနအတွက် တပ်ဖွဲ့ဝင် အင်အားဖြည့်တင်းပေးလျက်ရှိနေသည်ဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

မက္ကဆီကိုနိုင်ငံ ချီရာပါပြည်နယ်တွင် မြစ်ရေလျှံသည့်အတွက် တိုနာလာဒေသမှ ရေဘေးဒုက္ခသည်အချို့ ရေထဲတွင် ပစ္စည်းများကို သယ်ယူရွှေ့ပြောင်းနေကြသည်ကို အောက်တိုဘာ ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံတောင်ပိုင်းတွင် ကားဗုံးပေါက်ကွဲ လူနှစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် အောက်တိုဘာ ၁၀

အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် အီရတ်ရှီးယိုက် ပြည်သူ့လက်နက်ကိုင်တပ်ဖွဲ့ အသုံးပြုနေသည့် အိမ်တစ်လုံး၏ အပြင်ဘက်တွင် ကားဗုံးတစ်လုံး တနင်္ဂနွေနေ့က ပေါက်ကွဲသဖြင့် လူနှစ်ဦးသေဆုံးပြီး အခြား လူသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ဘာဆာရာမြို့လယ်ရှိ သုံးထပ်အဆောက်အအုံ အပြင်ဘက်တွင် နံနက် ၇ နာရီခွဲခန့်က ကားဗုံးတစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ အဆောက်အအုံသည် ဆာဒါအဖွဲ့ဝင်များ အသုံးပြုနေကျ အဆောက်အအုံဖြစ်သည်ဟု သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

ယင်းပေါက်ကွဲမှုကြောင့် ကလေးတစ်ဦးအပါအဝင် လူနှစ်ဦး သေဆုံးသွားခဲ့ပြီး အခြားသုံးဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်ဟုဆိုသည်။

ရှီးယိုက်လူမျိုးများနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များ ဘာဆာရာမြို့တွင် လည်းကောင်း၊ ရှီးယိုက်ပြိုင်ဘက်အုပ်စုဝင် အချင်းချင်းသော် လည်းကောင်း တင်းမာမှုများ မြင့်မားလာနေလျက်ရှိစဉ် ယင်းကဲ့သို့ တိုက်ခိုက်မှု ပေါ်ပေါက်လာခြင်းဖြစ်သည်။

အီရတ်ရဲတပ်ဖွဲ့ဝင်များက ဖမ်းခဲ့သည့် ဗြိတိသျှပ်တပ်ဖွဲ့ဝင်နှစ်ဦးအား ပြန်လွှတ်ပေးရန်အတွက် ဗြိတိသျှတပ်ဖွဲ့က ဘာဆာရာအကျဉ်းထောင်အား လွန်ခဲ့သည့်လက စီးနင်းတိုက်ခိုက်ခဲ့ရာ အီရတ်ငါးဦးထက်မနည်း သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တာလီဘန်ပြောက်ကျားများ အာဖဂန်နိုင်ငံတောင်ပိုင်းတွင် တိုက်ပွဲဖြစ်ပွား

ကဘူး အောက်တိုဘာ ၁၁

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းဇဘူးပြည်နယ်တွင် တနင်္ဂနွေနေ့က အမေရိကန်တပ်ဖွဲ့နှင့် တာလီဘန်ပြောက်ကျားများအဖြစ် သင်္ကာမကင်းဖြစ်ရသူများ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့သည်အာဖဂန်အမျိုးသားကြည်းတပ်မှ တပ်ဖွဲ့များနှင့်အတူ ဇဘူးပြည်နယ် ရှင်ကေဒေသအနီးတွင် စစ်ဆင်ရေးဆောင်ရွက်စဉ် လက်နက်ငယ်များနှင့် လက်ပစ်ဗုံးများဖြင့် အတိုက်ခံခဲ့ရခြင်းဖြစ်သည်ဟု စစ်ဘက်က ထုတ်ပြန်သည့် သတင်းကြေညာချက်တွင်ဖော်ပြထားသည်။

ဒဏ်ရာရရှိသည့် တပ်ဖွဲ့ဝင်ကို အနီးအပါးရှိ အခြေစိုက်စခန်းသို့ ဆေးကုသနိုင်ရန်ပို့ဆောင်ခဲ့ပြီး ယခုအခါ၎င်းတပ်ဖွဲ့ဝင်၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်သည်ဟု ဆိုသည်။

ဖော်ပြပါတိုက်ခိုက်မှု ပြုလုပ်သူများကို အာဖဂန်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များက ဆက်လက်ရှာဖွေနေကြပြီး သေဆုံးသူ၏ ဆွေမျိုးများထံ တပ်ဖွဲ့ဝင်သေဆုံးကြောင်း အကြောင်းကြားနေစဉ်ဖြစ်၍ သေဆုံးသူ၏ အမည်ထုတ်ဖော်ကြေညာခြင်းမရှိပေ။

ယခုနှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံတွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၈၁ဦးအထိ ရောက်ရှိလာရာ ယခုနှစ်အတွင်းသေဆုံးမှုအများဆုံးဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်သွားသဖြင့် ပြိုကျသွားသော မြို့တော်အစ္စလမ္မာဘတ်ရှိ မာဂါလာအထပ်မြင့်အဆောက်အအုံအတွင်းမှ ဒုက္ခသည်များအား ကယ်ဆယ်ရေး ဆောင်ရွက်နေသည်ကို အောက်တိုဘာ ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဗုံးပေါက်ကွဲ လူ ၂၀ ထက်မနည်း ဒဏ်ရာရရှိ

ဒါကာ အောက်တိုဘာ ၁၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဂျက်ဆိုရီခရိုင် အနောက်ဘက် နယ်စပ်၌ရှိသော ဘင်္ဂလားဒေ့ရှ်အမျိုးသား ပါတီရုံး (ဘီအင်န်ပီ) ရှေ့ဘက်တွင် အောက်တိုဘာ ၈ ရက် ညပိုင်းတွင် အင်အားပြင်းသော ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လူ ၂၀ ထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။

ဂျက်ဆိုရီခရိုင် ကီရှပ်ပါဒေသ၌ ဘီအင်န်ပီရုံး အရှေ့ဘက်တွင် အောက်တိုဘာ ၈ ရက်က အင်အားပြင်းထန်သော ဗုံးတစ်လုံးပေါက်ကွဲခဲ့ကြောင်း ဂျက်ဆိုရီဒေသ ရဲတပ်ဖွဲ့က ဆင်ဟွာသတင်းဌာနသို့ အောက်တိုဘာ ၉ ရက်တွင် တယ်လီဖုန်းဖြင့်ပြောကြားသည်။ ဗုံးပေါက်ကွဲသည့် အချိန်သည် ပါတီရုံးရှေ့၌ ပါတီခေါင်းဆောင်များနှင့် ဘီအင်န်ပီအဖွဲ့ဝင်များ စုရုံးရောက်ရှိနေချိန် ဖြစ်သည်။ ထိုဗုံးပေါက်ကွဲမှုကြောင့် ထိုလူစုထဲမှ ၂၀ ခန့် ဒဏ်ရာရရှိခဲ့ကြသည်။

ဒဏ်ရာရရှိသူအားလုံးကို ဂျက်ဆိုရီဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး၊ အချို့မှာ ဒဏ်ရာပြင်းထန်သည်ဟု သိရှိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တစ်ဝန်းလုံး၌ ဩဂုတ်လ ၁၇ ရက်တွင် ဒေသစုစုပေါင်း ၆၄ ခုအနက် ၆၃ ခုတွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့သည်။ ထိုဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် ပြည်သူသုံးဦး သေဆုံးပြီး၊ ၁၅၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ အောက်တိုဘာ ၃ ရက်တွင် ဒေသသုံးခုရှိ တရားရုံးသုံးခု၌ ဗုံးခွဲမှုများ ထပ်မံပေါ်ပေါက်ခဲ့ရာ သုံးဦးသေဆုံးပြီး ပြည်သူအမြောက်အမြား ဒဏ်ရာရရှိခဲ့သည်။ ဩဂုတ်လ ၁၇ ရက်တွင် ဗုံးခွဲတိုက်ခိုက်မှု၌ ပါဝင်ပတ်သက်သည်ဟု သင်္ကာမကင်းခံရသူ ၄၀၀ ကျော်ကို ရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နှစ်ပေါင်း ၁၈ သန်း သက်တမ်းရှိ ကြွံကျောက်ဖြစ်ရုပ်ကြွင်း တရုတ်ရှေးဟောင်းသုတေသီများ တူးဖော်တွေ့ရှိ

ပေကျင်း အောက်တိုဘာ ၁၀

ကြွံကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကို တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ် အရှေ့ဘက်တွင် တူးဖော်တွေ့ရှိခဲ့ပြီး ထိုကြွံ၏ သက်တမ်းသည် နှစ်ပေါင်း ၁၈သန်းရှိကာ ရှားပါးသောကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုဖြစ်သည်ဟု ခန့်မှန်းကြသည်။

ရှန်တုန်ပြည်နယ် အလယ်ပိုင်း လင်ကူခရိုင် အရှေ့မြောက်ဘက် ၂၂ ကီလိုမီတာ အကွာတွင် မျိုးသုဉ်းနေသော အဆိုပါ ရှေးဟောင်းကျောက်ဖြစ်ရုပ်ကြွင်းကို ဘူမိဗေဒပညာရှင်များနှင့် ရှေးဟောင်းသုတေသနပညာရှင်များက မကြာသေးမီက တူးဖော်တွေ့ရှိခဲ့ခြင်း ဖြစ်သည်ဟု အစိုးရသတင်းဌာနက အောက်တိုဘာ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

တွေ့ရှိ

တရုတ်နိုင်ငံ အရှေ့ပိုင်းတွင် မီအိုဆင်း ခေတ်ကာလက ကျောက်ဖြစ်ရုပ်ကြွင်းကို တွေ့ရှိခဲ့သည်။ ကြွံကျောက်ဖြစ်ရုပ်ကြွင်း၏ အရှည်သည် ၂ ဒသမ ၇ မီတာရှိပြီး ဖြက်မှာ ၁ ဒသမ ၇ မီတာရှိသည်။ ယင်းကြွံသည် ဖီးကပ်နေသော ကြွံဖြစ်ပြီး သန္ဓေသားလောင်းကြွံ၏အရှည်မှာ သုည ဒသမ ၇ မီတာရှိကာ သန္ဓေသားသည်သွားများနှင့်အရိုးစုများပြည့်စုံစွာ ဖွံ့ဖြိုးနေလျက် မိခင်၏ဝမ်းထဲ၌ တွေ့ရှိခဲ့သည်ဟု ဆင်ဟွာ သတင်းဌာနက သတင်းထုတ်ပြန်သည်။

သားမပေါက်မီ ရှစ်လသားအရွယ်၌ ကြွံမကြီးသေဆုံးခဲ့ခြင်းဖြစ်သည်ဟု တရုတ်ဘူမိဗေဒတက္ကသိုလ်မှ ပါမောက္ခလီဖန်လင်းကပြောဆိုခဲ့သည်။ ကမ္ဘာပေါ်တွင် မည်သည့်နေရာတွင်မျှ မတွေ့ရှိနိုင်သော သန္ဓေသားနှင့်ကြွံကျောက်ဖြစ်ရုပ်ကြွင်းကို ရှားပါးစွာ တွေ့မြင်ခဲ့ရခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

အမ်အင်အေ၊ပီတီအိုင်။

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တွင် ဗုံးဖောက်ခွဲမှုကြောင့် ဗြိတိသျှလူမျိုးနှစ်ဦး ဒဏ်ရာရရှိ

ကဘူး အောက်တိုဘာ ၁၀

ဗုံးဖောက်ခွဲသူဟု ယူဆရသူတစ်ဦးက ဗြိတိသျှတပ်ဖွဲ့ဝင် လေးဦးကို တင်ဆောင်လာသည့် မော်တော်ယာဉ်အား အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် ဝင်ရောက်တိုက်ခဲ့ရာ ဗုံးဖောက်ခွဲသူသေဆုံးပြီး ဗြိတိသျှနှစ်ဦးတို့ တနင်္ဂနွေနေ့က ထိခိုက်ဒဏ်ရာရရှိကြောင်းဖြင့် ကန်ဒါဟာပြည်နယ် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ကန်ဒါဟာပြည်နယ် ဒိုရာဟီဒေသတွင် ၁၀ နာရီခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဗုံးဖောက်ခွဲသည့် မော်တော်ယာဉ်သည် ဗြိတိသျှနှစ်ဦး လိုက်ပါလာသည့် မော်တော်ယာဉ်အနီးတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီး ဗုံးဖောက်ခွဲသူ သေဆုံးခဲ့ခြင်းဖြစ်ပြီး ဗုံးဖောက်ခွဲသူများ ပေါက်ကွဲမှုကြောင့် အပိုင်းအစများ ဖြစ်သွားကြောင်း ကန်ဒါဟာပြည်နယ် အုပ်ချုပ်ရေးမှူး ခါလစ်က ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။ ကန်ဒါဟာ အကောက်ခွန်ဌာနဝန်ထမ်းများဖြစ်သည့် ဗြိတိသျှလေးဦးအနက်မှ နှစ်ဦးသည် ထိခိုက်ဒဏ်ရာရရှိပြီး ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အဆိုပါ ဗြိတိသျှနှစ်ဦးကို ကန်ဒါဟာလေတပ်အခြေစိုက်စခန်းရှိ အမေရိကန် စစ်ဆေးရုံသို့ သယ်ဆောင်သွားသည်။

ကန်ဒါဟာပြည်နယ်သည် တစ်ချိန်က တာလီဘန်ပြောက်ကျားများ၏ အခြေစိုက်စခန်းဖြစ်ခဲ့ပြီး အိမ်နီးချင်းပြည်နယ်များဖြစ်သည့် ဇဘူး၊ ဟဲလ်မန်းနှင့် ယူရပ်ဇ်ဂန်တို့တွင် လွန်ခဲ့သည့် ခြောက်လအတွင်း စစ်စတင်တိုက်ခိုက်မှု မြင့်မားလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။



အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ မြေအောက်ဘူတာရုံတွင် တပ်ဖွဲ့ဝင်များ လုံခြုံရေး ဆောင်ရွက်နေသည်ကို အောက်တိုဘာ ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်သို့ မြေငလျင်ဘေးအကူအညီ ရုရှားပေးပို့

မော်စကို အောက်တိုဘာ ၁၀

ရုရှားနိုင်ငံသည် မြေငလျင်ဒဏ်ခံခဲ့ရသော ပါကစ္စတန်နိုင်ငံသို့ ကယ်ဆယ်ရေးသမားများနှင့် ပစ္စည်းကိရိယာများကို တနင်္ဂနွေနေ့က ပေးပို့ခဲ့ပြီး နိုင်ငံတကာကယ်ဆယ်ရေး အစီအစဉ်များတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ထွက်ခွာ

အရေးပေါ်အခြေအနေများ ဝန်ကြီးဌာနမှ အယ်လ်-၇၆ သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းသည် အနံ့ခံခွေးများအပါအဝင် ကယ်ဆယ်ရေးသမား ၃၀ နှင့် ပစ္စည်းကိရိယာများကို တင်ဆောင်ပြီး ပါကစ္စတန်နိုင်ငံ မြို့တော်အစ္စလာမ္မာဘတ်သို့ တနင်္ဂနွေနေ့ မွန်းလွဲပိုင်းက ထွက်ခွာသွားသည်။

ကယ်ဆယ်ရေး သမားများသည် မြေငလျင်ဒဏ်ခံခဲ့ရသည့် ဒေသများတွင် ရက်သတ္တနှစ်ပတ်ကြာ ကူညီလုပ်ကိုင်ပေးကြမည် ဖြစ်ကြောင်း ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် အာအိုင်အေ နိုဗိုစတီသတင်းဌာနက ဖော်ပြသည်။

ဝန်ကြီးဌာနသည် ပါကစ္စတန်သို့ လူလူချင်းစာနာသော အကူအညီများ ပေးပို့ရန် သုံးသပ်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြက်ငှက်တုပ်ကွေး ပိုင်းရပ်စ်ပိုးရှိသူဟု ယူဆရသူ လူနာခြောက်ဦး အင်ဒိုနီးရှား ဆေးရုံမှ ဆင်းခွင့်ရရှိ

ဂျကာတာ အောက်တိုဘာ ၁၀

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ ဆူလန်တီဆာယိုဆိုဆေးရုံသို့ အေဗွီတုပ်ကွေး ဗိုင်းရပ်စ်ပိုးရှိသည်ဟု ယူဆ၍ ဆေးကုသမှုခံယူရန် လူနာ ၁၅ ဦး ရောက်ရှိလာကြသည်။ ထိုအထဲမှ အနည်းဆုံးခြောက်ဦးကို အောက်တိုဘာ ၁၀ ရက်တွင် ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သည်။

စစ်ဆေး

အဆိုပါ လူနာခြောက်ဦး၏ သွေးနမူနာများကို ကျန်းမာရေးဌာန၏ ကြိုတင်ကာကွယ်ခြင်းနှင့် ရောဂါအမျိုးအစား ခွဲခြားခြင်းဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ သွေးအဖြေလွှာများကို အောက်တိုဘာ ၉ ရက်က ရရှိခဲ့ပြီးနောက် ၎င်းတို့ကို အိမ်သို့ပြန်ဆင်းခွင့် ပြုခဲ့ခြင်းဖြစ်သည်ဟု ဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူ ဆူလီအန်တိုဆာရိုဆို၏ ပြောကြားချက်ကို အန်တာရာ သတင်းဌာနက အောက်တိုဘာ ၉ ရက်တွင် ဖော်ပြခဲ့သည်။

ဓာတ်ခွဲစမ်းသပ်ချက်များအရ ၎င်းတို့တွင် အိပ်ချ်-၅ အင်န်-၁ သို့မဟုတ် အေဗွီတုပ်ကွေးဗိုင်းရပ်စ်ပိုး မရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထိုလူနာခြောက်ဦးတွင် တိုက်ဖွိုက်၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါနှင့် သာမန်တုပ်ကွေးရောဂါသာရှိကြောင်း ၎င်းက ထပ်မံပြောဆိုခဲ့သည်။ လူနာတိုင်းသည် ဆေးရုံမှမဆင်းခင် လူကိုသေစေနိုင်သော အေအိုင်ဗိုင်းရပ်စ်ပိုး ရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးမှသာ ဆင်းသင့်သည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရေကိုသား၍ အကြားမထင်နိုင်ပါ

ဒေါက်တာ မတင်ဝင်း
(ပညာရေးတက္ကသိုလ်)

လူတွေရဲ့အကြောင်းကိုပဲပြောပြော၊ နိုင်ငံရေးသမိုင်းကိုပဲပြောပြော၊ ယဉ်ကျေးမှုနဲ့ပတ်သက်လို့ပဲဆိုဆို ပထဝီဝင်နောက်ခံအကြောင်းကတော့ ပါရပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ ပထဝီဝင်အခြေအနေအရ လူတွေရဲ့ ဘဝက ဖြစ်ထွန်းလာရတာကိုး။

မြန်မာနိုင်ငံဆိုတာ အင်မတန်မှ ကျယ်ပြောပြီး လူဦးရေများတဲ့ နိုင်ငံကြီးနှစ်နိုင်ငံကြားက နိုင်ငံတစ်ခု ဖြစ်ပါတယ်။ နိုင်ငံအကျယ်အဝန်းက ၆၇၆၅၅၃ စတုရန်းကီလိုမီတာ (၂၆၁၂၂၈ စတုရန်းမိုင်) ရှိလေတော့ နိုင်ငံအနေနဲ့ သေးငယ်တယ်လို့ မဆိုနိုင်ပါဘူး။ နိုင်ငံမှာ တိုးတက်နေတဲ့ လူဦးရေနဲ့လည်း ကာမိတဲ့အနေအထားမှာ ရှိပါတယ်။ ကျွန်မနိုင်ငံခြားကို ပညာသင်သွားတုန်းက မြန်မာနိုင်ငံ မြေပုံကလေးကို အခန်းမှာ ချိတ်ထားရုံ မကပါဘူး။ တိုင်းရင်းသားလူမျိုးများရဲ့ အဝတ်အစားလှလှပပနဲ့ ဓာတ်ပုံများ ပါဝင်တဲ့ ပို့စကဒ်ပုံကိုလည်း ယူသွားပါတယ်။ သူငယ်ချင်းတွေကို အဲသည် ပို့စကဒ်များကိုပြပြီး ကိုင်း၊ ငါဟာ ဘယ်လူမျိုးစုထဲကသူလဲလို့ မေးတတ်ပါတယ်။ သူတို့က ကျွန်မမျက်နှာကိုကြည့်လိုက်၊ ပို့စကဒ်ပုံများကို ကြည့်လိုက်လုပ်ပြီး ကရင်အမျိုးသမီးပုံကို ထောက်ပြကြပါတယ်။ ကျွန်မကလည်း ပျော်ရွှင်စွာရယ်မောပြီး တကယ်တော့ ငါဟာ မြန်မာပြည် အလယ်ပိုင်းမှာ သိမီသမျှဆွေစဉ်မျိုးဆက်နေခဲ့လို့ ဗမာလို့ ကိုယ့်ကိုယ်ကို ထင်ကြတဲ့မိသားစုက မွေးလာတဲ့သူပဲ။ သို့ပေမယ့် ငါ့အဖေရော ငါရော ကရင်လူမျိုးနဲ့သိပ်တူတာပဲ။ ငါတို့ကလည်း အဲသည်လို ကရင်နဲ့တူတဲ့ အတွက် သိပ်ဝမ်းသာကြတယ်လို့ ပြောမိပါတယ်။ သူတို့က ဘာဖြစ်လို့လဲလို့ မေးတော့ တိုင်းရင်းသားချင်း တူရတာ ကောင်းတာပေါ့ဟာ။ တကယ်တော့ တိုင်းရင်းသားချင်း တစ်နည်းမဟုတ်တစ်နည်းနဲ့ တူနေကြတာပဲ။ ရုပ်ရည်မတူလည်း ယဉ်ကျေးမှုတူတယ်။ စိတ်နေသဘာဝ တူတယ်။ အလေ့အထတူတယ်လေလို့ ကျွန်မက နှစ်လိုအားရစွာ ပြောမိပါတယ်။

စကားဆိုတာ တိမ်တောင်လိုပါပဲ။ ဟိုရောက်လိုက်သည်ရောက်လိုက်နဲ့ ပြောင်းလဲသွားတတ်တာမျိုး ဖြစ်ပါတယ်။ မြန်မာနိုင်ငံ မြေပုံဘက်ကို အကြည့်များရောက်သွားသလို စကားကလည်း အဲသည်ဘက်ကို ရောက်သွားပါတယ်။ မြန်မာနိုင်ငံအကြောင်းကို ပြောတော့မယ်ဆိုတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ အိန္ဒိယနိုင်ငံကြီး နှစ်နိုင်ငံကြားမှာ တည်ရှိတယ်လို့ ပြောမိပါတယ်။ အဲသည်တော့ သူတို့က နင်ကတော့ အဲသည် နိုင်ငံကလူတွေနဲ့ မျက်နှာကျမတူဘူးနော်လို့ ပြောကြပါတယ်။ ကျွန်မကလည်း အေးအဲသည်လို မျက်နှာကျ မတူတာတင် မဟုတ်ဘူး။ ပြောရမယ်ဆိုရင် မြန်မာနဲ့ အိမ်နီးချင်းနိုင်ငံများရဲ့ လူမှုရေး၊ ယဉ်ကျေးမှု လက္ခဏာရပ်များဟာ မတူကြဘူး။ ပြောရင်အရှည်ကြီးပြောရမှာ၊ ကြုံတဲ့ အခါမှာတော့ တစ်ပိုင်းစီပြောပြနိုင်မှာပဲ။ အခုတော့ တိုတိုပဲပြောမယ်လို့ ကျွန်မက ဆိုပါတယ်။

တကယ်တော့ ကျွန်မတို့အချင်းချင်းကြုံမှသာ သူ့နိုင်ငံအကြောင်း ကိုယ့်နိုင်ငံအကြောင်းကို ပြောမိတာကိုး။ ဘယ်လိုနေရာမှာ တည်ရှိတယ်။ ဘယ်လိုသယံဇာတတွေရှိတယ်။ ဘယ်လိုသဘာဝပေါက်ပင်တွေ ရှိတယ်ဆိုတာကို တစ်ယောက်တစ်လှည့်ပြောလေ့ရှိပါတယ်။ ကြွားတာလို့ ပြောလည်း ရပါရဲ့။ တကယ်တော့ အမိမြေအကြောင်းကို ပြောတာပဲလေ။ ကိုယ့်အမေကို လှတယ်။ ဉာဏ်ကောင်းတယ်။ အကျင့်သီလနဲ့ပြည့်စုံတယ်ဆိုတာကို သားသမီးများက ပြောလို့မဝသလိုပဲပေါ့။ တစ်နေ့မှာ ကျွန်မတို့ သူငယ်ချင်းတစ်စု အလွမ်းပြေ ကိုယ့်အမိနိုင်ငံအကြောင်းကို ကိုယ်ပြောကြတဲ့အခါ ကျွန်မက မြန်မာရဲ့ ကမ်းရိုးတန်းက ၁၃၈၅ မိုင် ရှည်လျားတယ်လို့ ပြောလိုက်ပါတယ်။ အဲသည်နောက် သူတို့နိုင်ငံက ကျယ်ပြောတဲ့ အာဖရိကတိုက်ကြီးကို သရော်နေသည့်နှယ် အင်မတန် သေးငယ်တဲ့ နိုင်ငံကလေးဖြစ်တယ်လို့ ခဏခဏပြောတတ်တဲ့ ဘူရွန်ဒီ နိုင်ငံသားကလေးကို ရုတ်တရက် ပြောလိုက်မိတာက နင်တို့နိုင်ငံမှာတော့ ရေပြင်နယ်နိမိတ်မရှိဘူးထင်တယ် ဆိုတဲ့စကားပါပဲ။ အက်ဒဝပ်ဆိုတဲ့ ဘူရွန်ဒီနိုင်ငံသားကလေးဟာ ခင်မင်စရာကောင်းလောက်အောင် အေးဆေးပါတယ်။ ကျွန်မစကားကိုကြားတော့ သူကစိတ်မဆိုးပါဘူး။ စိတ်အားတက်ကြွစွာဖြင့် ရှိတယ်၊ ရှိတယ်၊ တန်ဂန်ရိကာရေကန်ကြီး (ကျယ်ပြောတဲ့ ရေအိုင်ကြီး)ဘေးမှာ ငါတို့နိုင်ငံ တည်ရှိတာလေ။ အဲသည်တော့ ငါတို့မှာလည်း ရေပြင်နယ်နိမိတ်ရှိပါတယ်လို့ ပြောပါတယ်။ ကျွန်မတို့အားလုံးကလည်း ဝမ်းသာအားရနဲ့ နောင်ဆိုရင် နိုင်ငံငယ်တာကို ထည့်ထည့် မပြောနဲ့၊ လိုအပ်တဲ့လက္ခဏာတွေနဲ့ ပြည့်စုံတယ်ဆိုရင် ပြီးတာပဲလို့ ဝိုင်းပြောကြပါတယ်။

ကျွန်မရဲ့မြန်မာနိုင်ငံအကြောင်း ပြောဆိုချက်ကို ပိုမိုပီပြင်အောင် ဂျာမန်ကလေး ဟန်းစ်က မြေပုံစာအုပ်ကြီးတစ်အုပ် ယူလာပေးပါတယ်။ သူက သူ့စာအုပ်ကိုနှမြောလို့ သူကိုယ်တိုင်စာရွက်တစ်ရွက်ချင်း လှန်ပေးပါတယ်။ အဲသည်လို တွန့်တိုရကောင်းလားဆိုပြီး သူငယ်ချင်းတွေက ဝိုင်းပြီး စာအုပ်ကို ကိုင်မယ်လုပ်တော့ ကျွန်မက မလုပ်ကြပါနဲ့၊ သူ့စာအုပ်ကြီးကလည်း သိပ်ကောင်းတာကိုးလို့ ပြောမိပါတယ်။

ကျွန်မက မြန်မာပြည် မြေပုံကိုပြပြီး ဟောသည်နေရာတွေဟာ ဆန်စပါးနဲ့ ဆီထွက်သီးနှံတွေ စိုက်ပျိုးတဲ့နေရာတွေ ဖြစ်တယ်၊ ဟောသည် တစ်ဝိုက်မှာတော့ ကျွန်းသစ်နဲ့ အခြားသော သစ်မာပင်တွေရှိတယ်။ ဟော-ကြည့်စမ်း၊ သည်နေရာက ငါ့ဇာတိပဲ။ ရေနံထွက်တယ်လေလို့ ပြောမိပါတယ်။ အဲသည်အချိန်က ရေနံဆိုတာ အခုလောက် လူတွေရဲ့ လောဘကို လှုံ့ဆော်စေနိုင်သေးတာ မဟုတ်သည့်တိုင် "ရေနံလား၊ ဟာ-ကောင်းလိုက်တာ"လို့ သူငယ်ချင်းတွေက တစ်ပြိုင်နက်တည်း အော်ပြောကြပါတယ်။ တစ်ယောက်ကတော့ နင်တို့ရေနံမြေကို နိုင်ငံခြားသားတွေပဲ ဦးစီးတာမဟုတ်လားလို့ မေးလိုက်တော့ စနေသမီး ကျွန်မရဲ့ မျက်စောင်းက နဂါးမျက်စောင်းဖြစ်သွားပြန်ပါတယ်။ ကြားထဲက သူငယ်ချင်းတစ်ယောက်က "ဝင်း"တို့နိုင်ငံဟာ လွတ်လပ်တဲ့ နိုင်ငံဖြစ်နေပြီလေဟာ။ နင်က ခေတ်နောက်ကျတဲ့အမြင်ကို ဆုပ်ကိုင်မထားနဲ့လို့ ဝင်ပြီးပြောလိုက်ပါတယ်။ ကျွန်မက စိတ်ထဲမှာ ရေနံမြေကစတဲ့ ၁၃၀၀ပြည့် အရေးတော်ပုံအကြောင်းကို ပြောချင်လိုက်တာမှ အလွန်ပဲ။ သို့ပေမယ့် သူငယ်ချင်း အချင်းချင်း စာသင်နေလို့ မဖြစ်သေးဘူးလေ။

သူငယ်ချင်းတွေကလည်း လိုအပ်တဲ့ သဘာဝသယံဇာတ ပစ္စည်းတွေနဲ့ ပြည့်စုံ နေတာပဲလို့ ပြောတဲ့အခါမှာ မပြီးသေးဘူး၊ ပြောရဦးမယ်။ ဟောသည်နေရာက မိုးကုတ်။ ပတ္တမြားတွေထွက်တယ်။ ဟောသည်နေရာမှာ ကျောက်စိမ်းထွက်တယ်။ ပြီးတော့လေ ငါတို့နိုင်ငံမှာ ပုလဲလည်းထွက်တယ်လို့ ကျွန်မက ပြောလိုက်မိပါသေးတယ်။

အဲသည်လို ပဓာနကျတဲ့ ထွက်ကုန်တွေအကြောင်းကိုပြောရင်း မပြောဖြစ်လိုက်ဘဲ မေ့ကျန်ခဲ့တာတွေကအများကြီးပါပဲ။ သစ်တောအကြောင်းကိုပြောရင်းနဲ့ ဆေးဖက်ဝင် အပင်တွေအကြောင်းကို ပြောဖို့ကျန်ခဲ့ပါတယ်။

> မြန်မာနိုင်ငံဆိုတဲ့ မိခင်မြေကြီးဟာ မိုးပေါ်ကကျပြီးဖြစ်တည်လာတာ မဟုတ်ပါဘူး။ အင်မတန် အင်မတန်ရှေးကျတဲ့ကာလကတည်းက ဒီမြေရတနာပေါ်မှာ ရွာကလေးတွေ၊ မြို့ကလေးတွေကတစ်ဆင့် နိုင်ငံကလေးတွေတည်ပြီး နေလာကြရာက နောက်ပိုင်းမှာ စုစည်းတဲ့နိုင်ငံတော်ကြီး ပေါ်လာရတာပါ။
>
> တကယ်လို့သာ ဘိုးဘေးဘီဘင်များ လက်ထက်ကတည်းက နိုင်ငံရယ်လို့ သတ်မှတ်ပြီး တံခွန်အလံစိုက်ကာ နိုင်ငံတော်ကြီး မတည်ထောင်ခဲ့ရင် မြေဆိုတာ ရှိနေရင်တောင်မှ ကိုယ်ပိုင်မြေပါလို့ ခိုင်ခိုင်မာမာပြောဖို့ရာ ခက်ခဲနေမှာဖြစ်ပါတယ်။ အဲသည်လို အဖြစ်မျိုးတွေနဲ့ ကြုံရတဲ့ လူမျိုးတွေ ကမ္ဘာမှာအခုထက်တိုင် ရှိနေပါတယ်။

ပန်းမန်များ အကြောင်းကို ပြောဖို့ကျန်ခဲ့ပါတယ်။ ရေပြင်နယ်နိမိတ် အကြောင်းကို ပြောရင်းနဲ့ သားငါးပေါတာကို ပြောဖို့ ကျန်ခဲ့ပါတယ်။

အခုတော့ သူငယ်ချင်းတွေနဲ့လည်း ဝေးသွားကြပြီလေ။ ကိုယ်တိုင်က အသက်တော်တော်လေး ရလာပြီ ဖြစ်တော့ ကျွန်မတို့အုပ်စုထဲက ချူတိချူနာ အကောင်လေးတစ်ကောင် အသက်ရှင်လျက်မှ ရှိသေးရဲ့လားလို့ တွေးပြီး စိတ်ပူလိုက်မိပါတယ်။ မနေ့တစ်နေ့က KAMCHATKA မှာ လက်နက်တိုက် ပေါက်လို့ လူတွေကို နေရာရွှေ့ရတယ်လဲဆိုရော ဖိုယာရော လွတ်ပါ့ မလားလို့ တွေးမိပါတယ်။ သူငယ်ချင်းတွေနဲ့ ခွဲခါနီးမှာ ထပ်ကာထပ်ကာ ပြောခဲ့ကြတဲ့ စကားကတော့ ပြန်တွေ့ကြရင်ဆိုတဲ့စကားပါပဲ။ ဟန်းစ်ရဲ့ မြေပုံမှာ အင်းလေးကန်နေရာကို ထောက်ပြရင်း ပြောဖြစ်ခဲ့တဲ့ အင်းလေး အကြောင်းက ပြန်တွေ့ကြရင်ဆိုတဲ့ စကားစပ်ထဲမှာပါတယ်လေ။ အဲသည်တုန်းက အခုခေတ်လို ဖွံ့ဖြိုးခြင်းမရှိသေးလို့ ကမ္ဘာလှည့်ခရီးသည်များအတွက် အဆောက်အအုံတွေ မရှိသေးပေမယ့် ကျွန်မက နင်တို့လာရင် အဲသည်မှာ တည်းမလား။ သဘာဝအလှအပြင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုတွေကို လေ့လာနိုင်မယ်။ ငါတို့နိုင်ငံက ပိုးထည်တွေ၊ ငွေထည်တွေလည်း အဲသည်ကထွက်တယ်လို့ ပြောမိတော့ ဥဇဘက်မကလေးက အေး-နင်ဝတ်နေတဲ့အဆင်က ငါတို့ ဥဇဘက် ပိုးထည်နဲ့ ဒီဇိုင်းဆင်တယ်။ အဲသည်ကထွက်တာလားလို့ မေးပါတယ်။ ကျွန်မက ဟုတ်တယ်၊ ဟုတ်တယ်လို့ အားတက်သရော ပြောခဲ့ပါတယ်။

ပြီးတော့ ကျွန်မက မြိတ်ကျွန်းစုများ တည်ရှိတဲ့နေရာကို လက်ညှိုးကလေးထိုးပြီး ဟောသည်မှာ ပုလဲတို့၊ ဆေးဖက်ဝင်ငှက်သိုက်တို့ အများကြီးထွက်တယ်။ ကျွန်းစုကလေးတွေကလည်း သာယာတယ်။ ငါတို့ ပြန်ရောက်သွားပြီးတဲ့နောက်မှာ ကမ္ဘာ့ခေတ်မီ ဟိုတယ်ကြီးတွေ ပေါ်ပေါက်လာဦးမယ်။ ဟန်းစ် နင်က ဘယ်မှာ တည်းမှာလဲဆိုတော့ ငါကတော့ မြိတ်ကျွန်းစုမှာတည်းမှာလို့ ဟန်းစ်က ပြောပါတယ်။ ဟိုတုန်းက ကျွန်မတို့ရဲ့ အတွေးများဟာ အခုတော့ အကောင်အထည်ပေါ်နေပြီ ဖြစ်ပါတယ်။

ကိုင်းပါလေ၊ ငယ်ငယ်က ပြောခဲ့တာတွေကို ထားပါတော့၊ အခုလည်း ပြောချင်တဲ့စကားကလေးတွေ ရှိပါတယ်။ အခုပြောချင်တာကတော့ ငယ်သူငယ်ချင်းများကို ရည်ညွှန်းပြီးပြောချင်တာ မဟုတ်ပါဘူး။ သားအရွယ်၊ သမီးအရွယ် လူငယ်များကို ပြောချင်တာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ သူ့နည်းနဲ့သူ ပြည့်စုံတဲ့ နိုင်ငံဆိုတာ မြစ်ကြီးများအကြောင်းကစပြီး ပြောကြည့်ကြရအောင်ပါ။ မြန်မာနိုင်ငံရဲ့ မြောက်ဘက်စွန်း ဝေးလံသီခေါင်တဲ့ ခါကာဘိုရာဇီလို တောင်မြင့်မြင့်ကြီးများကနေ ဆင်းလာတဲ့ ရေစီးကြောင်းများကတစ်ဆင့် မေခ၊ မေလိခမြစ်နှစ်သွယ် ပေါ်လာခဲ့ပါတယ်။ အဲသည် မြစ်နှစ်သွယ်ပေါင်းပြီးမှ ဧရာဝတီလို့ခေါ်တဲ့ မြစ်မကြီးတစ်စင်း ဖြစ်ထွန်းလာတာလေ။ အဲသည်မြစ်မကြီးထဲကို ပြောခဲ့တဲ့အတိုင်း ရေစီးကြောင်းကလေးများကအစ မြစ်နှစ်သွယ်က ရေများပေါင်းပြီး ဝင်လာတယ်ဆိုပေမယ့် ဘယ်နားက ရေက ဘယ်မြစ်ရေပါလို့ ခွဲခြားလို့ မရပါဘူး။ အတူတူ ပေါင်းစပ်သွားတာပါပဲ။ နောက်ပိုင်းမှာလည်း အနောက်မြောက်ဘက် ဒေသတစ်ကြောကနေပြီး ဆင်းလာတဲ့ ရေတွေက ချင်းတွင်းမြစ်ရယ်လို့ ဖြစ်လာပါတယ်။ ချင်းတွင်းလည်း ဧရာဝတီမြစ်ထဲကို ပေါင်းဆုံဝင်ရောက်ခဲ့ပါတယ်။ နောက် ဒုဋ္ဌဝတီမြစ်လို့ခေါ်တဲ့ မြစ်ငယ်မြစ်ကလည်း ဧရာဝတီထဲကို ပေါင်းဆုံဝင်ရောက်ခဲ့တာပါပဲ။ ဒုဋ္ဌဝတီမြစ်ရေက ဘယ်နားမှာလို့ ပြောလို့မရအောင် ရှမ်းကုန်းပြင်မြင့်က တောင်စဉ် တောင်ကြော အထပ်ထပ်ကနေ အရှိန်အဟုန်နဲ့ စီးဆင်းလာစဉ်က ရေစီးသန်တဲ့ ဒုဋ္ဌဝတီမြစ်ရေနီများဟာ ဧရာဝတီမြစ်ထဲကို ဝင်ပြီးတော့ တစ်သားတည်း ရောသွားတာပါပဲ။ ဧရာဝတီမြစ်ဟာ ၁၂၃၈မိုင်ရှည်လျားပါတယ်။ ဧရာဝတီမြစ်ကလည်း ရေချိုမြစ်ဖြစ်ပါတယ်။ ဧရာဝတီသာမက စစ်တောင်းမြစ်၊ သံလွင်မြစ်စတဲ့ မြစ်များကလည်း ရေချိုမြစ်များ ဖြစ်ပါတယ်။ အဲသည်မြစ်များဟာ သောက်ရေ သုံးရေများအတွက်သာ အားထားရတာ မဟုတ်ပါဘူး။ အောင်ရေအတွက်လည်း အားထားရတာပါပဲ။ အဲသည်လို **ရေချိုမြစ်များထဲက ရေကိုသားပြီး ဘယ်ကလာတဲ့ ရေလို့ ခွဲခြားလို့ မရသလို ပြည်ထောင်စုသားများအနေနဲ့ကလည်း သူ့နယ်နဲ့ သူ၊ သူ့ယဉ်ကျေးမှုနဲ့သူ ရှင်သန်နိုင်ခွင့် ရှိပေမယ့် ပြည်ထောင်စုကြီး အစွန့်ရှည်အောင် ဆောင်ရွက်ကြဖို့ကတော့ ခွဲခွဲခြားခြားစိတ်ထားများ ထားဖို့မသင့်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပြည်ထောင်စုဆိုတာ ပြည်ထောင်စုသားများ စည်းစည်းလုံးလုံးရှိကြပါမှ အင်အားတောင့်တင်းပြီး တိုးတက် ဖွံ့ဖြိုးနိုင်မှာဖြစ်လို့ပါပဲ။ ရေစီးရေလာ အားကောင်းတဲ့ မြစ်များဟာ မြန်မာနိုင်ငံတစ်ကြောက တောတောင်များကနေပြီး တသွင်သွင်စီးဆင်းလာတဲ့ ရေများ စုစည်းပြီးမှ ဖြစ်လာနိုင်တာပါပဲ။ ထို့အတူ ပြည်ထောင်စုသားများရဲ့ အားတွေ စုစည်းလာလေလေ တိုးတက်ဖွံ့ဖြိုးနိုင်တဲ့ အခြေအနေတွေ ပေါ်ပေါက်လာနိုင်လေလေပါပဲ။**

မြန်မာနိုင်ငံဆိုတဲ့ မိခင်မြေကြီးဟာ မိုးပေါ်ကကျပြီး ဖြစ်တည်လာတာ မဟုတ်ပါဘူး။ အင်မတန့် အင်မတန် ရှေးကျတဲ့ ကာလကတည်းက ဒီမြေရတနာပေါ်မှာ ရွာကလေးတွေ၊ မြို့ကလေးတွေက တစ်ဆင့် နိုင်ငံကလေးတွေတည်ပြီး နေလာကြရာက နောက်ပိုင်းမှာ စုစည်းတဲ့ နိုင်ငံတော်ကြီးပေါ်လာရတာပါ။ စုစည်းတာကလည်း အခုန ရေကိုသား၍ အကြားမထင်ဆိုသလို ပေါင်းဆုံစုစည်းရင်း အသားတကျ ဖြစ်လာရတာပါပဲ။ တကယ်လို့သာ ဘိုးဘေးဘီဘင်များ လက်ထက်ကတည်းက နိုင်ငံရယ်လို့ သတ်မှတ်ပြီး တံခွန်အလံစိုက်ကာ နိုင်ငံတော်ကြီးကို မတည်ထောင်ခဲ့ရင် မြေဆိုတာ ရှိနေရင်တောင်မှ ကိုယ်ပိုင်မြေပါလို့ ခိုင်ခိုင်မာမာပြောဖို့ရာ ခက်ခဲနေမှာဖြစ်ပါတယ်။ အဲသည်လို အဖြစ်မျိုးတွေနဲ့ကြုံရတဲ့ လူမျိုးတွေ ကမ္ဘာမှာ အခုထက်တိုင် ရှိနေပါတယ်။

အခုတော့ မြန်မာနိုင်ငံရဲ့ တည်နေရာကို မှန်ကန်စွာ ရွေးချယ်သွားခဲ့ကြတဲ့ ဘိုးဘေးဘီဘင်များကြောင့် သဘာဝဘေးဒဏ် ဆိုးဆိုးရွားရွားတွေကို မြန်မာနိုင်ငံမှာ ကြုံရခဲပါတယ်။ ဆူနာမီလို ကြောက်ဖွယ်ကောင်းတဲ့ သဘာဝဘေးဒဏ်ကိုလည်း မြန်မာနိုင်ငံမှာ ခံရတယ်လို့ ဆိုရရုံပဲ ခံရတာ ဖြစ်ပါတယ်။ ဩော်-ဘိုးဘွားတွေများ သည်လိုမြေကို ရွေးသွားတတ်ပလေတယ်လို့ တွေးတောရင်း ကျေးဇူးတင်နေမိပါတယ်။

အဲသည်လို **မိမိနေထိုင်တဲ့ နေရာဒေသဟာ ကိုယ်ပိုင်မြေဖြစ်တယ်၊ ကိုယ်ပိုင်နိုင်ငံဖြစ်တယ်ဆိုတဲ့ စိတ်ထားကို ထားနိုင်တဲ့ သူတိုင်းဟာ စိတ်ဓာတ်လုံခြုံမှုရှိပါတယ်။ အဲသည်လို ကိုယ်ပိုင်မြေဆိုတဲ့ စကားကို ပိုင်ပိုင်နိုင်နိုင် ပြောနိုင်ဖို့ဆိုတာ ဘိုးဘေးစဉ်ဆက်ကတည်းက မျိုးဆက်တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်းပြီး ကာကွယ်နိုင်ခဲ့ကြလို့သာ ပြောနိုင်တာဖြစ်ပါတယ်။**

မြန်မာနိုင်ငံမြေပုံကိုကြည့်ရင် အတွန့်ကလေးတွေ၊ အကောက်ကလေးတွေဖြစ်နေတာဟာ စိတ်ကူးစဉ်းစားပြီး လုပ်ထားတာ မဟုတ်တဲ့ အကြောင်းက သိသာနေပါတယ်။ အထူးသဖြင့် "မင်းက သည်အပိုင်းကိုယူ၊ မင်းကတော့ ဟိုအပိုင်းကိုယူ" စသည်ဖြင့် သူတစ်ပါးတို့က ခွဲခြမ်းပေးတာကိုခံထားရတဲ့ နိုင်ငံမဟုတ်ဘူးဆိုတာကို မပြောလည်းသိနိုင်တဲ့ နယ်နိမိတ်တွေနဲ့ တည်ရှိနေတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ မျဉ်းဖြောင့်နဲ့ ဆွဲထားတဲ့နေရာ တစ်နေရာမှ မရှိလို့ပါဘဲ။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ➡

အရိုးအထူးကုဆရာဝန်များ ညီလာခံကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၁

(၁၉)ကြိမ်မြောက် မြန်မာနိုင်ငံ အရိုးအထူးကုဆရာဝန်များ ညီလာခံကို ၂၀၀၅ခုနှစ် နိုဝင်ဘာ ၁၀ရက်မှ ၁၂ရက်အထိ အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ အရိုးဆရာဝန်များအားလုံး စုံညီစွာ တက်ရောက်နိုင်ရေးအတွက် ညီလာခံကျင်းပရေးကော်မတီမှ အကြောင်းကြားထားပြီးဖြစ်ကြောင်းနှင့် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ရက် နံနက် ၈နာရီတွင် ကျင်းပမည် ဖြစ်သည်။ (သတင်းစဉ်)

➥ **စာမျက်နှာ ၆ ဆောင်းပါးမှ အဆက်**

ကျွန်မတို့ငယ်ငယ်က ပထဝီဝင်သင်ပေးတဲ့ ဆရာကြီးဦးဘသိန်းက ပြောဖူးပါတယ်။ **"တပည့်တို့ မင်းတို့တစ်တွေဟာ မြန်မာနိုင်ငံမြေပုံကို ဆွဲတဲ့အခါ အတွန့်ကလေးတွေများလှချည့်၊ ဆွဲရတာခက်လှချည့်လို့ မတွေးကြပါနဲ့။ အဲသည်အတွန့်ကလေးတွေဟာ တချို့နေရာမှာ နယ်စပ်မျဉ်းကြောင်းအတိုင်း ရစ်ခွေစီးဆင်းနေတဲ့မြစ်များ၊ ချောင်းများလည်း ဖြစ်နိုင်တယ်။ တချို့နေရာမှာတော့ တောင်ကုန်းချိုင့်ဝှမ်းများ၊ တောင်ကြောအကွေ့အကောက်များ ဖြစ်နိုင်တယ်။ အဲသည် အတွန့်ကလေးများ၊ အကောက်ကလေးများအတိုင်း ဒို့ဘိုးဘွားများ နေရာမရွှေ့စတမ်း နေထိုင်ခဲ့ကြတဲ့အတွက် ဒို့ပိုင်တဲ့မြေဟာ သဘာဝအရံအတားအတိုင်း တည်ရှိနေတာဖြစ်တယ်"**လို့ သင်ကြားခဲ့ပါတယ်။

အဲသည်လို ဆရာဦးဘသိန်းသင်ခဲ့တဲ့ ပထဝီဝင် အသိပညာကို ဆရာမြင့်သင်ခဲ့တဲ့ သမိုင်းပညာက ဖြည့်စွက်ပေးခဲ့ပါတယ်။ ဆရာမြင့်က **"နိုင်ငံနယ်နိမိတ်ကို ပုံမပျက်အောင်ထိန်းသိမ်းတယ်ဆိုတာ မျိုးဆက်တစ်ဆက် နှစ်ဆက်လောက်လုပ်ရုံနဲ့ ပြီးစီးတဲ့လုပ်ငန်းမဟုတ်ဘူး။ သမိုင်းတစ်လျှောက်လုံး စဉ်ဆက်မပြတ်လုပ်နေခဲ့ရတဲ့ လုပ်ငန်းဖြစ်တယ်။ မြေဆိုတာက လုပ်ယူလို့မရဘူးမဟုတ်လား။ အဲသည်တော့ မြေကို တိုက်ယူတဲ့အလေ့က ကမ္ဘာဦးကတည်းက ရှိခဲ့တယ်လေ။ အင်အားကြီးမားတဲ့သူများက သယံဇာတပေါကြွယ်ဝတဲ့နိုင်ငံ၊ အနေအထားကောင်းတဲ့နိုင်ငံ၊ လူနေကျဲပါးတဲ့နိုင်ငံများကို ထိပါးတတ်ကြတယ်။ အဲသည်လို ထိပါးလာတဲ့အခါမှာ ပြန်လည်တွန်းလှန်ရတဲ့အကြိမ်ဟာ သမိုင်းစဉ်မှာလည်း ရေတွက်လို့မရနိုင်ဘူး။ ဆရာတို့သက်တမ်းတစ်လျှောက်မှာလည်း မကြာခဏဖြစ်ခဲ့တာပဲ။ ဒို့နိုင်ငံဟာ တည်နေပုံကိုက လှတယ်။ နိုင်ငံရဲ့ နယ်နိမိတ်တကြောမှာ တောင်ကုန်းများ၊ တောတန်းများနဲ့ သာယာလှပသလို သဘာဝအရံအတားများလည်း ဖြစ်တယ်"**

အဲသည်လိုပြောပြီး ဆရာမြင့်က ဆက်ပြောပြန်ပါတယ်။ **"ဒါပေမယ့် သဘာဝအရံအတားတွေကိုချည်း အားကိုးလို့လည်းမရပြန်ဘူး။ သဘာဝဆိုတာက လူမဆို့ပိတ်ရင် ကျော်လွှားလို့ရတာပဲ။ တိုးဝင်လာတဲ့ရန်သူကို လူတွေက အင်အားနဲ့၊ ရဲစွမ်းသတ္တိနဲ့၊ သေနင်္ဂဗျူဟာနဲ့ တွန်းလှန်ကာမှ တန်ကာကျပါတယ်"**

"ငါတို့နိုင်ငံဟာ လူနည်းပေမယ့် အင်အားကြီးမားတဲ့ရန်သူများကို အခါခါတွန်းလှန်နိုင်ခဲ့လို့ ကိုယ်ပိုင်မြေကို ခွဲပေးရတဲ့ဘေး၊ စိတ်ပိုင်းပြီး ယူတာကို ခံရတဲ့ဘေးနဲ့ ကင်းဝေးခဲ့ရတယ်။ တကယ်တော့ နိုင်ငံကို တည်တံ့ခိုင်မာအောင် အသက်သွေးနဲ့စတေးပြီး ကြိုးပမ်းခဲ့ရတာဖြစ်တယ်" လို့ ဆရာမြင့်က မမောနိုင်မပန်းနိုင် ဟောပြောပို့ချခဲ့ပါတယ်။

အဲဒါကြောင့်လည်း ဆရာကောင်းတပည့်ဖြစ်ခဲ့ရတဲ့ ကျွန်မတို့တစ်တွေဟာ **"ပြည်ထောင်စုကိုအသက်ပေးလို့ ဒို့ကာကွယ်မလေ၊ ဒို့ဘိုးဘွား အမွေစစ်မို့ ချစ်မြတ်နိုးပေ၊ ဒို့ပြည် ဒို့မြေ အကျိုးကိုညီညာစွာ ဒို့တစ်တွေ ထမ်းဆောင်ပါစို့လေ ဒို့တာဝန်ပေ"** ဆိုတဲ့ စာသားကို ရွတ်ဆိုတဲ့အခါ အဆုတ်ထဲမှာ လေအပြည့်သွင်းပြီး အင်နဲ့၊ အားနဲ့ဆိုလေ့ရှိပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသားများဟာနိုင်ငံအတွင်းမှာရှိတဲ့ အရပ်ဒေသ အသီးသီးက မြစ်မကြီးများမှာ ပေါင်းဆုံ စီးဝင်နေတဲ့ရေများနဲ့တူပါတယ်။ အနယ်နယ်အရပ်ရပ်က ဆင်းသက်လာတဲ့ ရေတွေဟာ မြစ်လက်တက်များ၊ ချောင်းများမှတစ်ဆင့် မြစ်မကြီးများထဲရောက်လာတဲ့အခါမှာ ဘယ်ဒေသကရေလို့ ပြောလို့မရအောင်၊ခွဲခြားလို့မရအောင် ရေပြင်ကိုလည်း သားရင် အကြားမထင်သလို စုစုစည်းစည်းရှိနေကြဖို့ လိုပါတယ်။ ချောင်းများ၊ မြစ်များက ရေတွေဟာ သောက်ရေ၊ သုံးရေ၊ အောင်ရေအဖြစ် သုံးရသလို ပြည်ထောင်စုသားများရဲ့ တစ်ယောက်တစ်လက်ပေါင်းဖက် စုစည်းမှုအင်အားကြီးလာရင် မြန်မာနိုင်ငံဟာ တိုးတက်အောင်မြင်လာမှာပါပဲ။

အမျိုးကိုစောင့်ရှောက်တဲ့စိတ်၊ စောင့်ရှောက်တဲ့လုပ်ရပ်၊ စုစည်းညီညာမှု၊ သွေးစည်းညီညွတ်မှုဆိုတာတွေဟာ ကောင်းမြတ်တဲ့ အစဉ်အလာကို ဖွင့်ဆိုတဲ့စကားများ၊ လုပ်ရပ်များသာဖြစ်ပါတယ်။ မိမိတို့ဇာတိရဲ့ အစဉ်အလာနဲ့ တည်တံ့ခိုင်မြဲခြင်းကို မိမိတို့ကမဆောင်ရွက်ရင် ဘယ်သူကမျှ ကိုယ်စားလာပြီး ဆောင်ရွက်ပေးမှာမဟုတ်ပါဘူး။ အဲသည်စကားကို နိုင်ငံတိုင်းရဲ့ သမိုင်းစဉ်က သက်သေပြနေပါတယ်။ ။

ဝန်ကြီး ဦးအောင်သောင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၁၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ TAN SRI MUSA HITAM; EMINENT Person of Malaysia ၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ အောက်တိုဘာ ၁၂ရက်မှ ၁၃ရက်အထိ ကျင်းပမည့် 2nd Meeting of The ASEAN-China Eminent Person's Group အစည်းအဝေးသို့တက်ရောက်ရန် ယနေ့နံနက် ၈နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့အား မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သိန်းထွန်းနှင့် ဌာနအကြီးအကဲများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

သက်ကြီးခြင်းလုံး အားကစားသမားများ ပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၁၁

(၁၉)ကြိမ်မြောက် တာမွေမြို့နယ် ကျောက်မြောင်း မြန်မာ့ရိုးရာခြင်းလုံး အားကစားရုံ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူး၍ မြို့နယ်တွင်း မြို့နယ်စုံ သီးသန့် သက်ကြီးခြင်းလုံးခတ် အားကစားသမား ၃၄ဦးတို့ကို တစ်ဦးလျှင် ငွေကျပ် ၇၀၀၀၊ ခြင်းလုံးအဖွဲ့ချုပ်အမှုဆောင် ဆရာကြီးဦးငွေစိုး(နဝင်း)တိုင်းရင်းဆေးမျိုးစုံလှူဒါန်းခြင်း အပါအဝင်ဖြင့် မျိုးဆက်သစ်များက ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

၁၃၆၇ခုနှစ် သီတင်းကျွတ်လပြည့်၊ အောက်တိုဘာ ၁၇ရက် နံနက်အရုဏ်တွင် ဘုရားအမှူးထား၍ ပင့်သံဃာတော်များအား ဆွမ်းဆက်ကပ်ပြီး နံနက် ၉ နာရီတွင် ပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်သည်။ စက်တင်ဘာ ၁၇ရက်မှစ၍ အပတ်စဉ်(စနေ၊တနင်္ဂနွေ)နေ့များတွင် မြို့နယ်စုံမှ ခြင်းလုံးအဖွဲ့ပေါင်း ၁၀၀ ကျော်က အကြိုခြင်းအလှခတ်ပွဲများ ပါဝင်ဆင်နွှဲပြီး လပြည့်နေ့ ညဦးပိုင်း ခြင်းလုံးရုံရှေ့စင်မြင့်ပေါ်တွင် အကျော်အမော်ခြင်းလုံးအဖွဲ့ ၁၀ဖွဲ့က မြန်မာ့ဆိုင်းဝိုင်းကြီးဖြင့် အလှည့်ကျအလှခတ်ပွဲများဖြင့် ပူဇော်ကန်တော့ကြမည်ဟု သိရသည်။ (က-ပ)

ဟာဗဲလ်နှင့် ဒက်စမွန်တူးတူးသို့

❍ ဒို့များဗုဒ္ဓ၊ ဆိုဆုံးမ၍
ဗုဒ္ဓနှင့်ဝေး၊ သင်တို့တွေးဖို့
ရေးပေးသိစေ မှတ်ပါလေ။

❍ မိတ်ဆွေဆရာ၊ သူတကာနှင့်
ပညာရှိဆို၊ လူထိုထိုတို့
ဆိုသမျှများ၊ ပြောစကားကို
ကြားရရုံနှင့်၊ မယုံသင့်ဟု
လူနှင့်လူချင်း၊ ဆက်ဆံခြင်း၌
သတင်းမမှန်၊ အကောက်ဉာဏ်ကို
ဝေဖန်ပိုင်းခြား၊ သတိထားဖို့
ဟောကြားမိန့်မှာ၊ ညွှန်ခဲ့ပါသည်
ကာလာမသုတ်၊ အနှစ်ချုပ်တည်း။

❍ ဟုတ်တိုင်းမှန်ရာ၊ ပြောလိုပါမူ
ခြင်းရာအရှိ၊ ကိုယ်တိုင်သိ၍
အရှိကိုလျှင်၊ ကိုယ်တိုင်မြင်မှ
မြင်သိပြောကြား၊ ထိုစကားသည်
တရားနှင့်ညီ၊ မှန်ပေမည်တည်း။

❍ ထိုသည်တရား၊ မသိငြား၍
မှားမှန်မမြင်၊ မဆင်ခြင်ဘဲ
အမြင်မပြော၊ အကြားပြောက
အပြောလွဲမှား၊ သင်လည်းမှားကာ
တရားမဲ့သူ ဖြစ်ချေမည်။

❍ နယ်ချဲ့အန္တရာယ်၊ အနောက်နယ်မှ
နိဘယ်လ်ဆုရှင်၊ ထိုဂုဏ်အင်နှင့်
ယခင်သမ္မတ၊ ဖြစ်ခဲ့ကြသည့်
ကမ္ဘာ့အကောင်းစား၊ ပုဂ္ဂိုလ်များအား
အကြားအမြင်၊ မသန့်စင်သည့်
ဘွဲ့သွင်နာမ၊ ချီးမြှင့်ကြမည်
ကမ္ဘာ့လူညစ်၊ ဆုအသစ်ကို
ဖွင့်လှစ်အပ်နှင်းရမည်တည်း။ ။

ဖိုးသံ (ပိုက်ကျုံး)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၅) ရပ်ကွက် ဓမ္မာရုံလမ်းနေ ဒုတိယ ရဲမှူးကြီး ဦးတင်အေး(ငြိမ်း)-ဒေါ်ခင်ခင်ဝင်း မိသားစုက ဒေါ်ခင်ခင်ဝင်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ဗျိုင်းရေအိုးစင်လမ်းနေ ကျေးဇူးရှင်ကွယ်လွန်သူ ဖခင်ကြီး ဦးကျော်စိန်အား ရည်စူး၍ ဒေါ်အမာနှင့် သားသမီးမြေးတစ်စုတို့က ငွေကျပ်နှစ်သိန်းကို ဒေါက်တာအောင်ချို (အဖွဲ့ဝင်)ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

၂၀၀၅ခုနှစ် စက်တင်ဘာလအတွင်း မူးယစ်ဆေးဝါး ၂၉၅မှု ဖမ်းဆီးနိုင်ခဲ့

ရန်ကုန် အောက်တိုဘာ ၁၁

၂၀၀၅ခုနှစ် စက်တင်ဘာလတွင် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့သည် မူးယစ်ဆေးဝါးအမှုပေါင်း၂၉၅မှုဖမ်းဆီးနိုင်ခဲ့သည်။ အဆိုပါ ဖမ်းဆီးရမိ မူးယစ်ဆေးဝါး ၂၉၅မှုတွင် ဘိန်းမှု ၄၀ အလေးချိန် ၆၁ ဒသမ ၅၉၆၂ ကီလို၊ ဘိန်းဖြူ ၁၁၃မှု အလေးချိန် ၅၀၅ ဒသမ ၆၄၃ ကီလို၊ ဘိန်းညိုတစ်မှု အလေးချိန် ဒသမ ၀၀၁၉ကီလို၊ ဘိန်းဆီခုနစ်မှု အလေးချိန် ဒသမ ၄၀၄၉ ကီလို၊ အဆင့်နိမ့်ဘိန်းကိုးမှု အလေးချိန် ၄ ဒသမ ၉၉၉၄ကီလို၊ ဆေးခြောက် ကိုးမှု အလေးချိန် ဒသမ ၈၃၇၇ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၇မှု ၇၆၁၉၁ ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့်တစ်မှု အလေးချိန် ဒသမ ၀၀၀၁ ကီလို၊ ဘိန်းစာမှုန့် ၁၁မှု အလေးချိန် ၂ဒသမ ၃၁၂ကီလို၊ စိတ်ကြွရူးသွပ်ဆေးခဲ (အိုက်စ်)တစ်မှု အလေးချိန် ဒသမ ၀၃၈၁ကီလို၊ အက်တက်စီဆေးပြားသုံးမှု ၁၈၂၆ပြား၊ ဒိုင်ယာဇီပမ် ဆေးပြားတစ်မှု ဆေးပြား ၁၅၀၊ ဓာတု ဆေးရည်နှစ်မှု ပမာဏ ၂၅၃၂လစ်တာ၊ ဓာတုဆေးမှုန့် အလေးချိန် ၇၅၀ကီလို၊ မှတ်ပုံတင်ပျက် ၁၀မှု၊ အခြားအမှု ၂၀ ဖမ်းဆီးရမိခဲ့သည်။

စက်တင်ဘာလအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၂၉၅မှု ဖမ်းဆီးခဲ့ရာတွင် တရားခံအမျိုးသား ၅၀၃ဦး၊ တရားခံအမျိုးသမီး ၉၈ဦး စုစုပေါင်း တရားခံ၆၀၁ဦးတို့အား ဥပဒေအရ အရေးယူခဲ့သည်။ (သတင်းစဉ်)

အင်းလေး ဖောင်တော်ဦးဘုရား ရုပ်ပွားတော်မြတ်များ ညောင်ရွှေမြို့ ရတနာစံကျောင်းတော်ဝင်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ အင်းလေးဖောင်တော်ဦးဘုရား ရုပ်ပွားတော်မြတ်များ ညောင်ရွှေမြို့ ရတနာစံကျောင်းတော်ဝင်ပွဲနှင့် အင်းလေးရိုးရာလှေပြိုင်ပွဲကို အောက်တိုဘာ ၉ရက် နံနက် ၈နာရီတွင် ညောင်ရွှေမြို့ ဖောင်တော်ဆိပ် ပြာသာဒ်ဆောင်ရှေ့မဏ္ဍပ်၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်နယ်တပ်ရင်းတပ်ဖွဲ့မှူးများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ပင့်ဆောင်ပူဇော်

အစီအစဉ်အရ မင်္ဂလာအချိန်တွင် ဖောင်တော်ဦးဘုရား ရုပ်ပွားတော်မြတ်များ တင်ဆောင်ထားသည့် ဖောင်တော်အား ရာကျော်လှေ အစီး ၂၀ အပါအဝင် တွဲလှေ ၂၈စီး၊ လှေလှော်သား ၂၅၀၀ တို့က လုပ်အားဒါနဖြင့် ဒေသစာရီကြွချီလာသော ဖောင်တော်သည် ဖောင်တော်ပြာသာဒ်သို့ ဆိုက်ကပ်လာရာ ဖောင်တော်ပေါ်မှ ပထမ ရုပ်ပွားတော်အား တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် အဖွဲ့ကလည်းကောင်း၊ ဒုတိယရုပ်ပွားတော်အား ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့်အဖွဲ့က လည်းကောင်း၊ တတိယရုပ်ပွားတော်အား ပြည်နယ် အတွင်းရေးမှူး ဒုတိယ ဗိုလ်မှူးကြီး ရဲထွန်းစိန်နှင့် အဖွဲ့က လည်းကောင်း၊ စတုတ္ထရုပ်ပွားတော်အား ပြည်နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိန်သင်နှင့်အဖွဲ့က လည်းကောင်း ဝေါယာဉ်ပေါ်သို့ အသီးသီး ပင့်ဆောင်ပူဇော်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဖောင်တော်ပြန်ရိပ်သာသို့ သွားရောက်၍ အင်းသားရိုးရာလှေပြိုင်ပွဲကို ကြည့်ရှုအားပေးကြသည်။

ဆုများချီးမြှင့်

ထို့နောက် ဆုရရှိသော ပြိုင်ပွဲဝင်အသင်းများနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်ရာ ရေယာဉ်ဂုဏ်ပြုဆုရ ဟဲယာရွာမကျေးရွာအုပ်စုအသင်း၊ ဆွမ်းပို့ရေယာဉ်ဆုရ ရွာသာကျေးရွာအုပ်စုအသင်း၊ ယဉ်ကျေးမှုဆုရ ဟူပင်ယဉ်ကျေးမှုအဖွဲ့၊ အမျိုးသား ၄၆တက်ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရ ရေသာကုန်းအသင်းနှင့် မင်းချောင်းအသင်း၊ ဒုတိယဆုရ စည်သာအသင်းနှင့် ပထမဆုရ အိုင်ထောင့်ကြီးအသင်း၊ အမျိုးသမီး ၂၆တက် ပြိုင်ပွဲတွင် ဒုတိယဆုရ မိုင်းသောက်အသင်းနှင့် ပထမဆုရ အိုင်ထောင့်ကြီးအသင်း၊ အမျိုးသား ရာကျော်လှေပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဆုရ ကေလာကျေးရွာအသင်း၊ ပွဲစားကုန်းအသင်း၊ ကျွန်းကြီးအသင်းနှင့် မင်းချောင်းအသင်း၊ နှစ်သိမ့်ဆုရ ပျားပင်ကျေးရွာအသင်းနှင့် သပြေပင်ကျေးရွာအသင်း၊ ဒုတိယဆုရ မိုင်းသောက်အသင်းနှင့် ပထမဆုရ အိုင်ထောင့်ကြီးအသင်းတို့အား တိုင်းမှူးနှင့်ဇနီး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရုပ်ပွားတော်မြတ်များ ကိန်းဝပ်စံပယ်တော်မူမည့် အဋ္ဌဒိသာဓမ္မဝိဟာရ ဒေသစာရီ လှည့်လည်အပူဇော်ခံခဲ့ရာမှ စံကျောင်းတော် ပလ္လင်ထက်သို့ ရောက်ရှိစံမြန်းတော်မူသော ဖောင်တော်ဦးဘုရား ရုပ်ပွားတော်မြတ်များအား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ညောင်ရွှေမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ လိုင်ကြူကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမဟိဒ္ဓ အမှူးပြုသော သံဃာတော်ငါးပါးက ဖောင်တော်ဦးဘုရားရုပ်ပွားတော် မြတ်များအား ပန်း၊ ရေချမ်း၊ ဆွမ်းနှင့် ရွှေသက်န်းတော်များ ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရုပ်ပွားတော်မြတ်များအား ပန်း၊ ရေချမ်း၊ ဆွမ်းနှင့် ရွှေသက်န်းတော်များ ကပ်လှူပူဇော်ကြပြီးနောက် လိုင်ကြူကျောင်းဆရာတော် အမှူးပြုသော သံဃာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတွခ်ဆရီဆိုဒ်ဟာမစ် အယ်လ် ဘာ ဘင် ဆိုဒ် ဂျာ ဖာ အယ်လ်ဘာနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီး ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မလေးရှား နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၁၁

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသည့် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒါတွခ် ဆရီဆိုဒ် ဟာမစ် အယ်လ်ဘာ ဘင် ဆိုဒ် ဂျာဖာ အယ်လ်ဘာနှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

ဧည့်သည်တော် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းနှင့်ဇနီး၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံသံရုံးသံရုံးယာယီတာဝန်ခံ မစ္စတာရီဇာနီ အာရ် ဝမ်ဘင် မိုဟာမက် မက်ဇ်လန်နှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မလေးရှားနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးနှင့် အဖွဲ့သည် အောက်တိုဘာ ၁၀ရက် မွန်းလွဲ ၁နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်တွေ့ဆုံသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ဇနီးတို့က မလေးရှားနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး၊ ဇနီးနှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ သက်ကြီးပူဇော်ပွဲနှင့် ပညာသင်ထောက်ပံ့ငွေ ပေးအပ်

ရန်ကုန် အောက်တိုဘာ ၁၁

မင်္ဂလာတောင်ညွန့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ၏ ၂၀၀၅ခုနှစ် သက်ကြီးပူဇော်ပွဲနှင့် တက္ကသိုလ်ဝင် စာမေးပွဲ အောင်မြင်သူများနှင့် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေ ပေးအပ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၉ရက် မွန်းလွဲ ၁နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မြင့်(အငြိမ်းစား)တို့က အမှာစကားပြောကြားပြီး ကန်တော့ခံ သက်ကြီး စစ်မှုထမ်းဟောင်းများအား ပူဇော်ကန်တော့ကြသည်။ ထို့နောက် အသက်(၇၀)အထက် သက်ကြီး စစ်မှုထမ်းဟောင်း ၉၀ တို့အား ကန်တော့ပစ္စည်းနှင့် ငွေများကိုလည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီး ၁၃ဦးနှင့် ဂုဏ်ထူး ခြောက်ဘာသာတစ်ဦး၊ လေးဘာသာ နှစ်ဦး၊ နှစ်ဘာသာနှစ်ဦး၊ တစ်ဘာသာ နှစ်ဦးတို့အား ပညာသင်ထောက်ပံ့ငွေများ ကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ၏ ၂၀၀၅ခုနှစ် သက်ကြီးပူဇော်ပွဲနှင့် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ခြင်း အခမ်းအနားတွင် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မြင့် (အငြိမ်းစား) အမှာစကားပြောကြားစဉ်။

(စစ်မှုထမ်းဟောင်း)

ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် မဟာပဋ္ဌာန်းပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၁၁

စမ်းချောင်းမြို့နယ် ဗားကရာတိုက် ရန်ကုန်ကျောင်းတွင် ၁၂၃၀ပြည့်နှစ်မှစ၍ နှစ်ပေါင်း ၁၃၇နှစ်တိုင်တိုင် ကိုးကွယ်ပူဇော်ခဲ့သော မဟာစိန္တာမဏိ ရုပ်ရှင်တော်မြတ်ကြီးအား (၂၂)ကြိမ်မြောက် ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် မဟာပဋ္ဌာန်းပူဇော်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ရက် (အောက်တိုဘာ ၁၆ရက်) ညနေ ၄နာရီတွင် ပန်း၊ ရေချမ်း၊ ဆီမီး၊ ဖယောင်းတိုင်များ ဆက်ကပ်ပူဇော်ပြီး (သီတင်းကျွတ်လပြည့်နေ့) အောက်တိုဘာ ၁၇ရက် နံနက်တွင် ရန်ကုန်ကျောင်း ဆရာတော်နှင့် ဒါယကာ၊ ဒါယိကာမများက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပူဇော်မည်ဖြစ်၍ ကြွရောက်ပူဇော်နိုင်ကြောင်း သိရသည်။ (က-ပ)

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲ မိတ္ထီလာမြို့၌ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၁

၂၀၀၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း ဘော်လီဘော ပြိုင်ပွဲဖွင့်ပွဲကို အောက်တိုဘာ ၁၀ရက် နံနက် ၈နာရီတွင် မိတ္ထီလာမြို့ ခရိုင်မိုးလုံလေလုံ အားကစားရုံ၌ကျင်းပရာ လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ် ခင်မောင်တင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး စိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်း၊ လေကြောင်းအတတ်သင် လေတပ်စခန်းနှင့် မြေပြင်အတတ်သင် လေတပ်စခန်းတို့မှ အရာရှိ၊ စစ်သည်များ၊ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလူတင်နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စားလေကြောင်းအတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်က အမှာစကားပြောကြား၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး ဖွင့်ပွဲ ပွဲစဉ်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့သည်။ (သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၃) အမှတ်(၁)ထုတ်ဝေ

ရန်ကုန် အောက်တိုဘာ ၁၁

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က နိုင်ငံ့ဝန်ထမ်း ဂျာနယ် အတွဲ(၃) အမှတ်(၁)ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)** ယခင်ထုတ်ဝေခဲ့သည့် ဂျာနယ်များကဲ့သို့ပင် ဝန်ထမ်းရေးရာ အကြောင်းအရာများ စုံလင်စွာပါဝင်ပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ သန်းညွန့်၏ "ရာထူးဝန်အဖွဲ့များအကြောင်း(၂)" ဆောင်းပါးတွင် မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများ အပါအဝင် အခြားနိုင်ငံအချို့၏ ရာထူးဝန်အဖွဲ့များအကြောင်းကို နှိုင်းယှဉ်ရေးသားထားသည်။

ထို့အပြင်"ဝန်ထမ်းများ အမှုထမ်းသက်မှတ်တမ်းအကြောင်း သိကောင်းစရာ"၊ နိုင်ငံခြားရေးဝန်ထမ်းများ၏ နိုင်ငံ့တာဝန် ထမ်းဆောင်ရသည့် အတွေ့အကြုံများကို ဖော်ပြထားသော "နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ထမ်း"၊ "အာဆီယံလူ့စွမ်းအား ဗဟိုဌာနများအကြောင်း သိကောင်းစရာ"၊ "နိုင်ငံ့ဝန်ထမ်းများ ပြစ်မှုစုံစမ်းစစ်ဆေးရေးဆိုင်ရာ ကိစ္စရပ်များ"၊ "ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းများနှင့် ဝန်ထမ်းစည်းမျဉ်းများဆိုင်ရာ တာဝန်ခွဲဝေဆောင်ရွက်မှုများ"၊ "လေ့ကျင့်ရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု" စသည့်ဆောင်းပါးများနှင့် နိုင်ငံ့ဝန်ထမ်းများ သိသင့်သိထိုက်သော ဝန်ထမ်းရေးရာ သိမှတ်ဖွယ် ပြည်တွင်းပြည်ပ ဗဟုသုတများအပြင် အကြောင်းအရာစုံ ဆောင်းပါး ၁၄ပုဒ်ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ပညာရှင်များ ပါဝင်ရေးသားထားကြသည်။

အဆိုပါဂျာနယ်ကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ကမ်းနားလမ်း ရန်ကုန်မြို့သို့ ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်းနှင့် ဖုန်း-၃၇၈၃၂၉ သို့ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

✧ **အနုပညာအရည်အသွေးမှ**

သက်သာချောင်ချိရေးအတွက် လိုလေသေးမရှိပြည့်စုံအောင် စီစဉ် ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ ပြိုင်ပွဲများတွင် ဘာသာရပ်များအလိုက် အနုပညာအရည်အသွေးပြည့်ဝစွာဖြင့် ဝင်ရောက် ယှဉ်ပြိုင်ကြရန်နှင့် ဆုရသင့်ရထိုက်သော အနုပညာရှင်များအား မှန်ကန်မျှတစွာ အကဲဖြတ်အမှတ်ပေးပြီး ဆုများကို ထိုက်တန်စွာ ချီးမြှင့်သွားမည် ဖြစ်ကြောင်း၊ ဗဟိုအဆင့်ပြိုင်ပွဲ တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကြိုးစားဆောင်ရွက်ခဲ့ကြသည့် ပြည်နယ်နှင့် တိုင်းများမှ အုပ်ချုပ်သူများအား ဂုဏ်ပြုပါကြောင်းနှင့် အမျိုးသား ယဉ်ကျေးမှုနှင့် စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကော်မတီနှင့်ဆပ်ကော်မတီ အသီးသီးတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များကို ကဏ္ဍအလိုက် တင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ အုပ်ချုပ်သူများက ပြိုင်ပွဲဝင်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို တင်ပြကြသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံနှုတ်ဆက်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံနှုတ်ဆက်ပွဲအခမ်းအနားအပြီးတွင် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် ပြည်နယ်နှင့် တိုင်းများမှ အနုပညာရှင်များ၏ တည်းခိုဆောင်များ၊ စားရိပ်သာများ၊ ဆေးပေးခန်းနှင့်လူသုံးကုန်နှင့် အထွေထွေပစ္စည်း အရောင်းဆိုင်ခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

တရားတော်များ အသံလွှင့်ဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၁၁

၁၃၆၇–ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာ အခါတော်နေ့) အောက်တိုဘာ ၁၇ရက် (တနင်္လာနေ့)နံနက် ၇နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မဟာဗောဓိပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)က **“အဘိဓမ္မာတရားတော်”**ကိုလည်းကောင်း၊ မွန်းတည့် ၁၂နာရီတွင် မြန်မာ့အသံမြန်မာပိုင်းအစီအစဉ်မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ မွန်ပြည်နယ် မော်လမြိုင်မြို့ မောင်ငံရပ် နတ်မော်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုမနာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)က **“အဘိဓမ္မာနာကြား၊ ဘာဝနာကုသိုလ်ပွားတရားတော်”**ကို လည်းကောင်း အသံလွှင့်ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။



မိုးကုတ်မြို့ သတိပဋ္ဌာန်စာသင်တိုက် (၂၅)နှစ်ပြည့် ငွေရတု ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၁

မန္တလေးတိုင်း မိုးကုတ်မြို့ သတိပဋ္ဌာန်ပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ပရိယတ္တိသာသနဟိတဓရဂုဏာဝိသိဋ္ဌ) နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တသုနန္ဒအားအမှူးထား၍ သာသနနုဂ္ဂဟအဖွဲ့၊ ပုညကာရီအမျိုးသမီးအဖွဲ့နှင့် အလှူရှင်များက အဆိုပါကျောင်းတိုက်၌ အောက်တိုဘာ ၂၄ ရက် (တနင်္လာနေ့)တွင် (၂၅)နှစ်ပြည့်ငွေရတုစာအောင်သံဃာတော်များ ဂုဏ်ပြုပူဇော်ပွဲကျင်းပ၍ အောက်တိုဘာ ၂၅ရက် (အင်္ဂါနေ့)တွင်သတိပဋ္ဌာန်ပရိယတ္တိစာသင်တိုက်(၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာ အခမ်းအနားကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုကုသိုလ်ပြုလှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဗဟို၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များတွေ့ဆုံညှိနှိုင်း

ရန်ကုန် အောက်တိုဘာ ၁၁

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဗဟို၊ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာဇာတ်ရုံ၌ ကျင်းပသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီး တင့်ဆန်း၊ ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်းနှင့် ဆပ်ကော်မတီဝင်များ၊ ဂီတသုခုမ အနုပညာရှင်ကြီးများ၊ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီး တင့်ဆန်းနှင့် ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးငွေထွန်းတို့က အမှာစကား ပြောကြားကြသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများ ဖြစ်ကြသော အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်မြ၊ အက အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်း၊ ဇာတ်သဘင်အကဲဖြတ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာ (စာရေးဆရာချစ်ဦးညို)၊ ရုပ်သေးအကဲဖြတ် လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဦးရဲဋ္ဌေး၊ အရေး အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကလေး ဦးတင့်အောင်နှင့် အတီး အကဲဖြတ် လုပ်ငန်း အဖွဲ့ဥက္ကဋ္ဌ အကယ်ဒမီ ဂီတ လုလင်ဦးကိုကိုတို့က ဘာသာရပ်ဆိုင်ရာအလိုက် ပြိုင်ပွဲစည်းကမ်းချက်များ၊ အမှတ်ပေး နည်းစနစ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

အကြံပြု

ထို့နောက် ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများ၏ ရှင်းလင်းဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များက အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေး လုပ်ငန်း ကော်မတီဥက္ကဋ္ဌက ဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်း လိုက်သည်။ (သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် ဗဟိုပြည်နယ်နှင့်တိုင်းများမှ အကဲဖြတ်ပညာရှင်များ တွေ့ဆုံ ညှိနှိုင်း အစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များနှင့် အသင်း အုပ်ချုပ်သူများ ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၁

တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ကရင်ပြည်နယ်မှ ၃၅ဦး၊ ဧရာဝတီတိုင်းမှ ၁၇၇ဦး၊ ရန်ကုန်တိုင်းမှ ၄၄ဦးနှင့် ပဲခူးတိုင်းမှ ၁၀၀တို့သည် အုပ်ချုပ်သူများနှင့်အတူ အောက်တိုဘာ ၁၀ရက် ညနေပိုင်း၊ ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရန်ကုန်မြို့ရှိ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်)သို့ ရောက်ရှိလာကြရာ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီမှ တာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးကြသည်။

(သတင်းစဉ်)

ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ပြည်နယ်/တိုင်းများမှ အုပ်ချုပ်သူများလုပ်ငန်းညှိနှိုင်း

ရန်ကုန် အောက်တိုဘာ ၁၁

တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ပြည်နယ်/တိုင်းများမှ အုပ်ချုပ်သူများ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ည ၇နာရီခွဲတွင် ရန်ကုန်မြို့ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း (ဘုရင့်နောင်)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ အုပ်ချုပ်သူများက ပြိုင်ပွဲနှင့်ပတ်သက်၍ လုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂–၁၀–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ ပေါင်းလောင်းရေလှောင်တမံနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ– တတိယနှစ် (ဓာတုဗေဒ၊ အထူးပြု) (ဓာတုဗေဒ)
- ၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၅:၀၀ ၅။ ၂၀၀၅ခုနှစ်၊ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား)
- ၅:၁၅ ၆။ ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
- ၅:၃၀ ၇။ သီချင်းကြီးပဒေသာ
- ၅:၄၅ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၅၅ ၉။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ
- ၆:၁၅ ၁၀။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ Variety Spectaculer.
- ၇:၃၅ ၁၄။ တေးဂီတအစီအစဉ်
- ၇:၄၅ ၁၅။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ဂုဏ်ပြုအစီအစဉ် “ယဉ်ကျေးမှုဝန်ကြီးဌာန အငြိမ့်” (မင်းသမီး–သင်းသင်းအေး၊ လူရွှင်တော်–စိန်သီး၊ ကြယ်သီး၊ ဇီးသီး၊ ပန်းသီး)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ ခရုန်ထိုင်းထရက်တာ ကုမ္ပဏီလီမိတက်တို့၏ မြေထိုးစက်နှင့် မြေတူးစက်ထုတ်လုပ်မှုစီမံကိန်း အကောင်အထည်ဖော်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းနှင့် ခရုန်ထိုင်းထရက်တာကုမ္ပဏီလီမိတက်မှ Deputy Managing Director, Mr.Sombat Laohapongchans တို့က မြေထိုးစက်နှင့် မြေတူးစက်ထုတ်လုပ်မှုစီမံကိန်း သဘောတူစာချုပ်များတွင် အသီးသီး လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

မြေထိုးစက်နှင့် မြေတူးစက်ထုတ်လုပ်မှု စီမံကိန်း အကောင်အထည်ဖော်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုး

ရန်ကုန် အောက်တိုဘာ ၁၁

အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံ ခရုန်ထိုင်းထရက်တာ ကုမ္ပဏီလီမိတက်တို့၏ မြေထိုးစက်နှင့် မြေတူးစက်ထုတ်လုပ်မှုစီမံကိန်း အကောင်အထည်ဖော်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ခရုန်ထိုင်းထရက် တာကုမ္ပဏီလီမိတက်မှ Managing Director, Mr. Viboon Laoha- pon gchans နှင့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Shandong Shantui Construction Machinery Import & Export Co., Ltd. မှ Chairman, Mr. Zhou Qingting နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhiraka- osal နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

ရှေးဦးစွာ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးစိုးသိမ်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ခရုန်ထိုင်းထရက်တာ ကုမ္ပဏီလီမိတက်မှ Deputy Managing Director, Mr. Sombat Laohapon- gchans က အမှာစကားပြောကြားသည်။ ထို့နောက် အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းနှင့် ခရုန်ထိုင်းထရက်တာ ကုမ္ပဏီလီမိတက်မှ Deputy Managing Director, Mr. Sombat Laohapon- gchans တို့က မြေထိုးစက်နှင့် မြေတူး စက်ထုတ်လုပ်မှုစီမံကိန်း သဘောတူ စာချုပ်များတွင် အသီးသီးလက်မှတ်ရေးထိုးကြသည်။

ယနေ့ လက်မှတ်ရေးထိုးသော မြေထိုးစက်နှင့် မြေတူးစက်ထုတ်လုပ်မှု စီမံကိန်းတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄သန်း ဖြစ်ပြီး ယင်းစီမံကိန်းစက်ရုံအနေဖြင့် ခေတ်မီနည်းပညာပိုင်းနှင့် ခေတ်မီစက်ကိရိယာများကို အသုံးပြုပြီး ဆောက်လုပ်ရေးလုပ်ငန်းသုံး မြေထိုးစက်နှင့် မြေတူးစက်များကို ထုတ်လုပ်သွားမည်ဖြစ်သည်။ (သတင်းစဉ်)



ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်ရဲတပ်ဖွဲ့ အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၈ ရက်က မြို့နယ်တော်ဝင်စန္ဒကူးခန်းမတွင် ကျင်းပရာ အမျိုးသမီးရေးရာအဖွဲ့ ကာကွယ်ရေးနှင့် ပြုစုပျိုးထောင်ရေးအဖွဲ့ ခေါင်းဆောင် ဒေါ်လဘန်ဘောက် အဖွင့်အမှာစကား ပြောကြားစဉ်။ (၅၂၉)

ရွှေတိဂုံစေတီတော်၌ သောက်ရေသန့်ဘူးများ ဒါနပြုမည်

ရန်ကုန် အောက်တိုဘာ ၁၁

၁၃၆၇ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အောက်တိုဘာ ၁၇ ရက်တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ မြောက်ဘက်မုခ်စောင်းတန်းအနီးရှိ ဝေနေယျသုခဓမ္မာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်း လေးသွယ်တို့အနီး၌ ဝေနေယျသုခ ရေချမ်းစင်အသင်း၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ငွေကျပ် ၁၅သိန်းကျော်ဖိုးရှိ သောက်ရေသန့်ဘူးပေါင်း သုံးသောင်းကျော်ကို တစ်နေကုန် စတုဒိသာ ဒါနပြုလှူဒါန်းမည်ဖြစ်သည်။ ရာသက်ပန် သောက်ရေသန့် ရေပဒေသာပင် တစ်ပင်လျှင် အနည်းဆုံး ငွေကျပ် တစ်သောင်းနှုန်းဖြင့် ဖုန်း-၃၈၁၇၃၆နှင့် ဖုန်း-၃၈၃၅၁၁ (လိုင်းခွဲ-၁၇၁)တို့သို့ လှူဒါန်း နိုင်သည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၂၀၀၅ခုနှစ် တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းတက်ရောက်၍ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ်ရှိ ရှေးဟောင်း သမိုင်းဝင် ကျောက်စာတော်ဘုရား တံခွန်တိုင် အတွက် အလှူတော်ငွေကျပ် လေးသိန်းကို သဃ်န်းကျွန်းမြို့နယ် သီရိရတနာ ရိပ်သာနေ ဦးမြင့်အောင်-ဒေါ်မြင့်မြင့်သန်း မိသားစုက ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သံဃမဟာ ပဝါရဏာပြုပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကျိုက်ဖောခိပဝါရဏာ ဂိုဏ်းလုံးဆိုင်ရာ သံဃမဟာပဝါရဏာပွဲကို ကျိုက်ဖောခိပဝါရဏာဂိုဏ်းဝင် ကျောင်းပေါင်း ၄၀ကျော်မှ သံဃာတော် ၅၂၈ပါးတို့သည် မဟာမဇ္ဈိမာရုံ ပရိယတ္တိစာသင်တိုက်အတွင်း သာသနာ့သောဘဏီသိမ်တော်ကြီး၌ ၁၃၆၇ခုနှစ် သီတင်းကျွတ်လပြည့် အောက်တိုဘာ ၁၇ ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ဒုတိယအကြိမ်မြောက် ပဝါရဏာကံ ပြုကြမည်ဖြစ်သည်။

နေ့ဆွမ်းနှင့် သိမ်ဆင်းလောင်းလှူလိုသော အလှူရှင်များသည် ဖုန်း ၀၅၆-၂၁၁၈၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက် အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၁၁

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ၂၀၀၅ခုနှစ် တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိဦးစီးဌာနနှင့်လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ပြည်နယ်၊ တိုင်း အခွန်ဦးစီးဌာနမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်/တိုင်းမန်နေဂျာများနှင့် သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဖော်ထုတ်ဆွေးနွေး

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ယခုလုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်တွေကို လေ့လာဖော်ထုတ်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများ အစီအမံများကို တင်ပြဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးရည်မှန်းချက်များကို အထောက်အကူပြုစေမည့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်ထွန်းစေရေးအတွက် စီမံကိန်းများ၊ နည်းလမ်းများ ချမှတ်ကာ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုတာဝန်များကို ဝန်ထမ်းများအားလုံးက ဖြောင့်မတ်မှန်ကန် တာဝန်သိစွာဖြင့် ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့အသေးစား ချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ အကောက်ခွန် ဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ပင်စင်ဦးစီးဌာန၊ အခွန်အယူခံ ခုံအဖွဲ့ရုံးတို့မှ ဌာနဆိုင်ရာ အကြီးအကဲများက ဘဏ္ဍာနှစ်အတွင်း ဌာနအလိုက် ရည်မှန်းချက်များအပေါ် လုပ်ငန်းဆောင်ရွက် ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို သုံးသပ်တင်ပြကြပြီး သုံးသပ် တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက် မှာကြားသည်။

ပထမနေ့

ယင်းနောက် မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်/တိုင်း မန်နေဂျာများက ဒေသအလိုက် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက မြန်မာ့စီးပွားရေးဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုများ ထိရောက်ထက်မြက်စေရေး၊ ဆက်ဆံရေးချိုသာပြေပြစ်ရေးနှင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြရေးမှာကြားပြီး ပထမနေ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအစီအစဉ်များကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မဟာဝိဇယစေတီတော် ဆွမ်းတော်ကြီး ဆက်ကပ်ပွဲ

ရန်ကုန် အောက်တိုဘာ ၁၁

မဟာဝိဇယစေတီတော်၏(၁၃)ကြိမ်မြောက် ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက် (အောက်တိုဘာ ၁၆ ရက်)မှ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် (အောက်တိုဘာ၁၈ရက်)အထိစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့(အောက်တိုဘာ၁၇ရက်)နံနက် ၉နာရီတွင် သစ်သီးမျိုးစုံနှင့် မုန့်မျိုးစုံတို့ဖြင့် စေတီတော်အား ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲတော်နှင့် နံနက် ၉နာရီတွင်စေတီတော်ပရိဝုဏ်အနောက်ဘက်၌ တည်ဆောက်ပြီးစီးသွားသော လိပ်ကန်ဖြတ် ကွန်ကရစ်တံတားသစ် ဖွင့်ပွဲအခမ်းအနားတို့ကို ကျင်းပမည်ဖြစ်သည်။

သီတင်းကျွတ်လဆန်း ၁၄ရက် (အောက်တိုဘာ၁၆ရက်)မှသီတင်းကျွတ်လပြည့်ကျော် ၁ရက် (အောက်တိုဘာ၁၈ရက်)အထိ သုံးရက်တိုင်တိုင် နံနက် ၆နာရီမှ ညနေ ၆နာရီအထိ ဝတ်အသင်းအဖွဲ့များက ပရိတ်တရားတော်များကို ရွတ်ဖတ်၍ စေတီတော်အား ပူဇော်ပြီး ညနေ ၆နာရီမှစတင်၍ သုံးညတိုင်တိုင် စေတီတော်အား ညစဉ် ဆီမီး ၅၀၀၀ထွန်းညှိ၍ ပူဇော်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

မလေးရှားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲ မြန်မာအသင်း ငွေ(၄)ခုနှင့် ကြေး(၃)ခုဆွတ်ခူး

ရန်ကုန် အောက်တိုဘာ ၁၁

စက်တင်ဘာ၂၉ရက်မှ အောက်တိုဘာ ၃ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သော ဒုတိယအကြိမ် မလေးရှားတံခွန်စိုက် ကရာတေးဒိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်ခေါင်းဆောင်သော မြန်မာကရာတေးဒိုအသင်းသည် အောက်တိုဘာ ၃ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။ **(အောက်ပုံ)**

ပြိုင်ပွဲတွင် အိမ်ရှင်မလေးရှား(က)နှင့်(ခ)အသင်းအပါအဝင်၁၃နိုင်ငံမှ ကရာတေးဒိုအသင်း၁၄သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာကရာတေးဒိုအသင်းသည် ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်သုံးခု ရရှိခဲ့သည်။

ပြိုင်ပွဲ၏ အမျိုးသမီး တစ်ဦးချင်း ကုမိတဲ (၄၈)ကီလိုနှင့်အောက် ပြိုင်ပွဲတွင် ယင်းဟာထောင်းလွယ်က ဒုတိယငွေတံဆိပ်ကိုလည်းကောင်း၊ (၆၀)ကီလိုနှင့်အောက်တွင် စန္ဒာမျိုးအေးက ဒုတိယငွေတံဆိပ်ကို လည်းကောင်း၊ ယင်းဟာထောင်းလွယ်၊ နန်းဆိုင်မိန်းနှင့် စန္ဒာမျိုးအေးတို့ပါဝင်သော မြန်မာအသင်းက အမျိုးသမီးအသင်းလိုက် ကုမိတဲပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ကိုလည်းကောင်း၊ မြင့်ဇော်ဦး၊ မင်းအေးနှင့် ဝမ်းကိုကိုဦးတို့ပါဝင်သော မြန်မာအသင်းက အမျိုးသားအသင်းလိုက် ခတပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ်ကိုလည်းကောင်း အသီးသီး ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ အမျိုးသမီးတစ်ဦးချင်း ကုမိတဲ(၅၃)ကီလိုနှင့် အောက်ပြိုင်ပွဲတွင် နန်းဆိုင်မိန်းက ကြေးတံဆိပ်ကိုလည်းကောင်း၊ အမျိုးသားတစ်ဦးချင်း ခတပြိုင်ပွဲတွင် မြင့်ဇော်ဦးက ကြေးတံဆိပ်ကိုလည်းကောင်း၊ အမျိုးသားတစ်ဦးချင်း ကုမိတဲ အလွတ်တန်းပြိုင်ပွဲတွင် ဟန်ခမ်ကပ်က ကြေးတံဆိပ်ကိုလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။ (သတင်းစဉ်)

ငွေပဒေသာပင် လှူဒါန်း

ကွယ်လွန်သူမိဘ ဦးဖော်စတာ–ဒေါ်သန်းညွန့်တို့အား ရည်စူး၍ ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ ရန်အောင်လမ်းသွယ်(၂)နေ ဒေါ်တင်တင်အေး (အထက–၁၊ လမ်းမတော်)က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင်လက်ခံယူစဉ်။ (က–ပ)

ကမ္ဘာ့ဖလားတောင်အမေရိကဇုန် ခြေစစ်ပွဲများကျင်းပ ဘရာဇီးနှင့်ဘိုလီးဗီးယား သရေကျ၊ အာဂျင်တီးနားအနိုင်ရ

လာပက်ဇ် အောက်တိုဘာ ၁၁

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တောင်အမေရိကဇုန် ခြေစစ်ပွဲကို တနင်္ဂနွေနေ့က ကျင်းပရာ ဘိုလီးဗီးယားအသင်းနှင့် ငါးကြိမ်တိုင်တိုင် ကမ္ဘာ့ဖလားချန်ပီယံ ဘရာဇီးအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျကြသည်။

ဘိုလီးဗီးယားနိုင်ငံ မြို့တော် လာပက်ဇ်တွင်ကျင်းပသည့် ယင်းခြေစစ်ပွဲတွင် ပွဲချိန် ၂၄မိနစ်၌ ဘရာဇီးအသင်းမှ ဂျူနင်ဟိုက ဖရီးကစ်ဖြင့် ဂိုးသွင်းနိုင်ခဲ့ပြီး ဘရာဇီးအသင်းကို ဦးဆောင်ကစားစေနိုင်ခဲ့သည်။

ဘိုလီးဗီးယားအသင်းသည် ပထမပိုင်းအတွင်း ချေပဂိုးသွင်းယူနိုင်ရန် ကြိုးပမ်းသော်လည်း အခွင့်ရေးမရခဲ့ပေ။ သို့ရာတွင် ဒုတိယပိုင်း စတင်ပြီးနောက် လေးမိနစ်အကြာတွင် ဟိုဆေးအယ်လ်ဖရက်ဒိုကက်စတီလိုက ချေပဂိုးသွင်းယူခဲ့သည်။

ဘရာဇီးအသင်းသည် ယခုပွဲတွင် သရေကျသော်လည်း ခြေစစ်ပွဲအောင်မြင်ပြီးဖြစ်သည်။ ဘိုလီးဗီးယားအသင်းမှာမူ လာမည့်နှစ်တွင် ဂျာမနီနိုင်ငံ၌ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ခွင့် မရရှိနိုင်ပေ။ ဘရာဇီးအသင်းသည် ၁၇ပွဲကစားခဲ့ရာတွင် ၃၁မှတ်ရရှိခဲ့ပြီး အုပ်စုတွင် အာဂျင်တီးနားနိုင်ငံပြီးလျှင် ဒုတိယနေရာ၌ရပ်တည်လျက်ရှိသည်။ ၁၀နိုင်ငံပါဝင်သော တောင်အမေရိကဇုန်တွင် ၁၄မှတ်ဖြင့် အောက်ဆုံး၌ရပ်တည်နေရသောအသင်းမှာ ဘိုလီးဗီးယားအသင်းပင် ဖြစ်သည်။

အာဂျင်တီးနားအသင်းမှ ဟာနန်ခရက်စပို(ယာ)နှင့် ပီရူးအသင်းမှ အယ်လ်ဘာတို ရိုဒရစ်ဗယ်ဒယ်လိုမာတို့ ဘောလုံးယှဉ်လုကြစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အာဂျင်တီးနား–ပီရူး

မြို့တော် ဗျူနိုအေရီတွင် ကျင်းပသော အာဂျင်တီးနားနိုင်ငံအသင်းနှင့် ပီရူးနိုင်ငံအသင်းတို့၏ ခြေစစ်ပွဲတွင် အာဂျင်တီးနားနိုင်ငံအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အာဂျင်တီးနားအသင်းဂိုးမပေးရရန် တစ်ချိန်လုံး ကြံ့ကြံ့ခံကစားနေကာ ပီရူးအသင်းကို ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ ပွဲပြီးဆုံးရန် ၁၀မိနစ်မျှသာလိုတော့ချိန်တွင် အာဂျင်တီးနားအသင်းက တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး လေလွင့်အချိန်ပိုတွင် ပီရူးနောက်တန်းကစားသမား လူးဝစ်ဂွါဒီလပ်က ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ရာမှ အာဂျင်တီးနား နောက်ထပ်တစ်ဂိုးရရှိခဲ့သည်။ အာဂျင်တီးနားအသင်းသည် တောင်အမေရိကဇုန်တွင် ၃၄ မှတ်ဖြင့် ဦးဆောင်လျက်ရှိကာခြေစစ်ပွဲအောင်မြင်ပြီးဖြစ်သည်။

အင်တာနက်

ဒုတိယအကြိမ် စီးတီးအက်ဖ်အမ်အောင်လံဆု မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၁

ဒုတိယအကြိမ် City-FMအောင်လံဆု မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို အောက်တိုဘာ ၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးတွင် ဝမ်းစတား(ဘားအံ)နှင့် သိုးကောင်း (မြန်မာပြည်သား)၊ ရွှေဖလား (KLN) နှင့် စစ်သွေး(ဘိလပ်မြေစက်ရုံ)၊ ဒေါနအောင်(ကျွဲမင်း)နှင့်ဝမ်ရှိ (KLN)၊ ရန်ကြီးအောင် (အလင်းရောင်) နှင့် အောင်ဇေယျ (ဘိလပ်မြေစက်ရုံ)၊ စိန်သံမဏိ(အလင်းရောင်)နှင့် ဘိလပ်မြေစတား (ဘိလပ်မြေစက်ရုံ)၊ ကျော်စန်း(KLN) နှင့် သတ္တိအောင် (ဘိလပ်မြေစက်ရုံ)၊ ကြယ်တစ်ပွင့်(မန္တလေး)နှင့် စောဗွဲလေး (KLN)၊ စောလူလေး (မြိုင်ကြီးငူ)နှင့် တာတိုဝါ(ဘိလပ်မြေစက်ရုံ)၊ အေးဘိုစိန် (လယ်/ဆည်)နှင့် သူရရဲအောင်(မြန်မာပြည်သား)၊ရွှေဆိုင်း(မြိုင်ကြီးငူ)နှင့်လုံးချော (ညောင်တုန်း)တို့ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

ကြိုတင်လက်မှတ်များကို ဇော် ပစ်တိုင်းထောင် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး၊ ၁၇၄(မြေညီထပ်)၊ ၃၅လမ်း(အလယ်)ရန်ကုန်မြို့၊ကိုမြင့်သူ၊မယု ဖုန်းအပိုပစ္စည်းဆိုင်၊ ဟံသာဝတီလမ်း၊ ယာဉ်ရောင်းဝယ်ရေးစခန်း၊ Sports Bar စားသောက်ဆိုင်၊ သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့်နှင့်မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)၊ မင်းဓမ္မလမ်း မရမ်းကုန်းမြို့နယ်တို့တွင်ဝယ်ယူနိုင်ကြောင်းသိရသည်။(ကြေးမုံ)

ဆေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများ ဆရာကန်တော့ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၁

၁၉၇၀–၁၉၇၇ခုနှစ် ဆေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲနှင့် ဆရာကန်တော့ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးရှိ ၁၉၇၀–၁၉၇၇ ဆေးတက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားဟောင်းများအားလုံး ပါဝင်တက်ရောက်နိုင်ရေးအတွက် ဆရာကန်တော့ပွဲအခမ်းအနားဖြစ်မြောက်ရေး ကော်မတီဝင် ဒေါက်တာနီလာတင် ဖုန်း–၃၇၉၀၄၁ ထံသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂–၁၀–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ **အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှု အစီအစဉ် – The Study of Mediate Inference II. (ပထမနှစ်–ဒဿနိကဗေဒ)**
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပျံ့သာပျံ့ပါ ထက်အာကာ" (အပိုင်း–၁၅)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ဗွီစီဒီ ကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားရှင်" (အပိုင်း–၁၉)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

၁၃–၁၀–၂၀၀၅

- ၀၁:၃၀ ၁။ **၂၀၀၅–၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးခြေစစ်ပွဲ –England Vs Poland.**

အာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၁၁

ဒုတိယအကြိမ် သက်ကြီး အကြောအဆစ်ပညာရှင် ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၁၅ရက်(စနေနေ့)နံနက် ၉နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းတောင်ဘက်မုခ်ရှိ ရွှေကျင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ဆရာ၊ ဆရာမကြီးများတက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဦးသန်းစိုး ဖုန်း–၅၂၆၀၂၅၊ ဦးလှမြင့် ဖုန်း–၅၂၇၀၈၈–လိုင်းခွဲ–၂၉၊ ဒေါ်မေစန်းတင် ဖုန်း–၂၂၉၆၃၈နှင့် ဦးတင်မြင့်ဖုန်း–၂၆၁၆၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

သတိပေး နှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုကြောင့်ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုကြောင့်လည်း ဖြစ်ပွားခဲ့သည်ကိုတွေ့ရှိရပါသည်။

လမ်းဆုံမီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံမီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန်လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားများမှသာအချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့်၊ လမ်းရှင်းမှကူး"**စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဒုတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော် အထူးတရားပွဲ

"သစ်ဆန်းကြားနာ၊စင်ကြယ်စွာသား"
ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊
စိတ်ကြည်လင်ရီး၊ ဤငါးမျိုးသည်
တရားနာရာအကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရားဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာနာကြားရသူတိုင်း အထက်ပါ အကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် ရည်စိတ်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ် စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ ဒုတိယအကြိမ် ဗုဒ္ဓပူဇနီယ ပွဲတော်ကြီးတွင် တစ်ဖက်ပါ အစီအစဉ်အတိုင်း အထူးတရားပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာ ကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
စစ်ကိုင်းတောင်ရိုး၊ သဒ္ဓမ္မသီတဂူချောင် ဓမ္မကထိက ဗဟုဇနဟိတရေ၊ သီတဂူကြယ်တပွင့်၊ အရှင်ပညာနန္ဒ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့် တနင်္လာနေ့ (၁၇-၁၀-၂၀၀၅)
ဓမ္မကထိက၊ ဗဟုဇနဟိတရေ၊ ဓမ္မာစရိယ ဓမ္မဒူတ အရှင်ဆေကိန္ဒ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၁)ရက် အင်္ဂါနေ့ (၁၈-၁၀-၂၀၀၅)
ရွှေဘိုမြို့ပုခန်းကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယက(အဖွဲ့ဝင်) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တဝိမလာဘိဝံသ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၂)ရက် ဗုဒ္ဓဟူးနေ့ (၁၉-၁၀-၂၀၀၅)
တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာအကျော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယော)ဆရာတော်	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၃)ရက် ကြာသပတေးနေ့ (၂၀-၁၀-၂၀၀၅)
မွန်ပြည်နယ်၊ မုဒုံမြို့၊ ဓမ္မဒူတကျောင်းတိုက် ပဓာန နာယက ဂဏဝါစက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဘဒ္ဒန္တကောသလ္လ(မုဒုံဆရာတော်)	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၄)ရက် သောကြာနေ့ (၂၁-၁၀-၂၀၀၅)
ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၅)ရက် စနေနေ့ (၂၂-၁၀-၂၀၀၅)
တိပိဋက ပါဠိပါရဂူ ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၆)ရက် တနင်္ဂနွေနေ့ (၂၃-၁၀-၂၀၀၅)
အနောက်ဂန့်ဂေါ မုံလယ်တောရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၇)ရက် တနင်္လာနေ့ (၂၄-၁၀-၂၀၀၅)
စစ်ကိုင်းတောင်ရိုး၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတရေ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt), Ph. D	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၈)ရက် အင်္ဂါနေ့ (၂၅-၁၀-၂၀၀၅)

အထူးတရားပွဲအစီအစဉ်

ကျင်းပမည့်နေ့ရက်

၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်နေ့မှ သီတင်းကျွတ်လပြည့်ကျော်(၈)ရက်နေ့ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ(၁၇)ရက်နေ့မှ (၂၅)ရက်နေ့ထိ

ကျင်းပမည့်နေရာ

မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓာကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။

ကျင်းပမည့်အချိန်

ညစဉ်(၇း၀၀)နာရီ

သဒ္ဓမ္မရံသီရိပ်သာများ ကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၁၁

သဒ္ဓမ္မရံသီရိပ်သာကြီးနှင့် ရိပ်သာခွဲ အသီးသီးတို့တွင် ဝါဆိုခဲ့ကြသော သံဃာတော်များကို ကထိန်သင်္ကန်း ကပ်လှူပွဲ များ ကျင်းပမည်ဖြစ်သည်။ မရမ်းကုန်း သဒ္ဓမ္မရံသီရိပ်သာကြီး၌ အောက်တိုဘာ၂၃ရက်၊ ရန်ကင်းမြို့နယ် ကျောက်ကုန်း၊ သုခါပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ၌ အောက်တိုဘာ၃၀ရက်၊ မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်း ရပ်ကွက် မဇ္ဈိမာပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ၌ နိုဝင်ဘာ ၆ရက်၊ လှည်းကူးမြို့နယ်သရက်ကုန်းကျေးရွာခိပ္ပါဘိညာသဒ္ဓမ္မရံသီရိပ်သာ၌ နိုဝင်ဘာ ၁၃ရက် တို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါရက်များတွင် မရမ်းကုန်း ရိပ်သာကြီး၌ နံနက် ၈နာရီမှစ၍ အရံသင်္ကန်းများ ကပ်လှူမည်ဖြစ်ပြီး မွန်းလွဲ ၁နာရီ၌ ကထိန်ဥတ်သင်္ကန်းကြီးအား ကပ်လှူပြီးနောက် အနုမောဒနာတရား နာကြားကြမည်ဖြစ်သည်။ ကျန်ရိပ်သာခွဲများတွင် နံနက် ၈နာရီ၌ ကထိန်ဥတ်သင်္ကန်းကြီးနှင့် အရံသင်္ကန်းများကပ်လှူပြီး အနုမောဒနာတရား နာကြားမည်ဖြစ်သည်။ ကထိန်သင်္ကန်းကပ်လှူပွဲသို့ သင်္ကန်းကပ်လှူရန်နှင့် အနုမောဒနာတရားနာကြားနိုင်ကြရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။

(က-ပ)

မဟာစည်ဟိတေသီအဖွဲ့သို့ ငွေလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၁

ကွယ်လွန်သူဖခင်ကြီး သီရိသုဓမ္မ မဏိဇောတဓရ ဦးပွင့်ကောင်း (၁၂) နှစ်ပြည့်အားရည်စူး၍ မိခင်ကြီး အဂ္ဂမဟာသီရိသုဓမ္မသင်္ဂီ ဒေါ်ခင်နွဲ့ရီအား အမှူးထားလျက် သား ဒေါက်တာ ဦးတင့်စိုးလင်း၊ သမီး ဒေါ်ပွင့်မာခိုင်နှင့် ညီအစ်ကိုမောင်နှမ မိသားစုများက စက်တင်ဘာ ၂၅ ရက်တွင် မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့သို့ ငွေပဒေသာပင် အပင် ၁၀၀ အတွက် ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းပြီး **(အပေါ်ပုံ)** စနေတရားပွဲ ယာဉ်ငှားခ အလှူငွေ ၁၀ ပတ်စာ ကျပ် ၁၈၀၀၀၀ ကို ဟိတေသီအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ထံ ပေးအပ်လှူဒါန်းသည်။

(က-ပ)

ပထူး အထက ရွှေရတုပွဲနှင့် အာစရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၁၁

ဗထူးအထက (ယခင် တပ်မတော်ကလေးများ အထက်တန်းကျောင်း)၏ နှစ် (၅၀)ပြည့် ရွှေရတုပွဲနှင့် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၆ရက်နှင့် ၂၇ရက် နံနက် ၉နာရီတွင် ဗထူးအထက နဝရတ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစား ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အာစရိယပူဇော်ပွဲသို့ ရန်ကုန်မြို့မှ လိုက်ပါလိုသော ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးဘုန်းအောင် ဖုန်း ၀၁-၅၂၅၇၀၇၊ ဦးညွန့်အောင် ဖုန်း ၀၁-၅၂၄၆၅၈၊ ဦးခင်မောင်ဝင်း ဖုန်း ၀၁-၅၈၄၄၉၉၊ ဦးညွန့်မောင် ဖုန်း ၀၉-၅၀၁-၁၁၆၄၊ ဒေါ်သန်းသန်းနွဲ့ ဖုန်း ၀၁-၅၁၀၅၉၅၊ ဒေါ်စန်းစန်း ဖုန်း ၀၁-၆၄၀၁၈၇၊ ဒေါ်ခင်နီနီအောင် ဖုန်း ၀၁-၅၄၁၉၀၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ (က-ပ)

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် အောက်တိုဘာ ၁၁

လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆း၃၀နာရီအချိန် တိုင်းထွာချက်အရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

အောက်တိုဘာ ၁၂ ရက် ညနေအထိခန့်မှန်းချက်မှာ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်တို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ဖခင်ကြီး ဦးအန်ကောက် (ညောင်လေးပင်) တစ်လပြည့်အားရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၉၃လမ်းနေ ဦးကိုလေး-ဒေါ်သန်းသန်းစိုး မိသားစုက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေးသန့်က လက်ခံပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။

(က-ပ)

ဂုဏ်ပြုဆုချီးမြှင့်

အထက (၁) လမ်းမတော်၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မိဘ ဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၁၀ရက်က ကျင်းပရာ ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သော မောင်ဇော်မင်းထွန်းအား ကျောင်းအုပ်ဆရာကြီး ဦးအောင်ကိုကို ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပညာရေး)

တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ်
သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် -

(က) ၁-၁-၂၀၀၆ ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၉)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို) ဖြစ်ရမည်။

(ဂ) အရပ်အမြင့် အနည်းဆုံး (၅)ပေ (၃)လက်မ ရှိရမည်။

(ဃ) ကိုယ်အလေးချိန် ပေါင် (၁၀၀)ထက် မနည်းရ၊ ပေါင် (၁၄၀) ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒ (သို့မဟုတ်) ရူပဗေဒ၊ ဓာတုဗေဒနှင့် ဘောဂဗေဒ ဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် ၁၈-၁၁-၂၀၀၅ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၃-၁၂-၂၀၀၅ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်း/မြို့နယ် ရဲတပ်ဖွဲ့/စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံကို ပူးတွဲတင်ပြရမည်။

၄။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် **အင်္ဂလိပ်စာ နှင့် သင်္ချာ** ဘာသာရပ်တို့ကို တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း စစ်ဆေးမည်။ မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၃၁-၁၂-၂၀၀၅ ရက်နေ့ တွင် အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် (၉) နာရီ မှ (၁၁) နာရီထိ ။

(ခ) **သင်္ချာ** ။ နေ့လယ် (၁) နာရီ မှ (၃) နာရီထိ ။

၅။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်အတိုင်း ဖြစ်သည်။

၆။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၁၆-၁-၂၀၀၆ ရက်နေ့မှ ၁၈-၁-၂၀၀၆ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ အသေးစိတ်သိလိုသော အချက်များကို တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

၇။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် (၅၀၀ဝိ/-)၊ ဒုတိယနှစ် (၅၁၀ဝိ/-)၊ တတိယနှစ် (၅၂၀ဝိ/-)၊ စတုတ္ထနှစ် (၅၃၀ဝိ/-) ရရှိမည်။

၈။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည် -

(က) သူနာပြု သိပ္ပံဘွဲ့ B.N.Sc (Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့ B.Pharm (Bachelor of Pharmacy)

(ဂ) ဆေးဘက်ပညာသည်ဘွဲ့ (ရောဂါရှာဖွေရေးပညာ) B.P.Sc (Med . Tech) Bachelor of Paramedical Science (Medical Technology)

(ဃ) ဆေးဘက်ပညာသည်ဘွဲ့ (ဓာတ်မှန်ရိုက်ပညာ) B.P.Sc (Radiography) Bachelor of Paramedical Science (Radiography)

(င) ဆေးဘက်ပညာသည်ဘွဲ့ (ကာယကုသမှုပညာ) B.P.Sc (Physiotherapy) Bachelor of Paramedical Science(Physiotherapy)

၉။ သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး (၁၀)နှစ် အမှုထမ်းဆောင်ရမည်။

တေရသမအကြိမ်(၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ဆပ်ကော်မတီ ဝင်များ၊ ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင် အနုပညာရှင်များအား တွေ့ဆုံနှုတ်ဆက်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အနုပညာအရည်အသွေးပြည့်ဝစွာ ဝင်ရောက်ယှဉ်ပြိုင် မှန်ကန်မျှတစွာ အကဲဖြတ်အမှတ်ပေးပြီး ဆုများထိုက်တန်စွာချီးမြှင့်

ရန်ကုန် အောက်တိုဘာ ၁၁

တေရသမအကြိမ်(၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌက ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်အနုပညာရှင်များအား တွေ့ဆုံနှုတ်ဆက်ပွဲအခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ရှိ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ဘုရင့်နောင်) ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီရုံး အစည်းအဝေး ခန်းမ၌ကျင်းပရာ တေရသမအကြိမ်(၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

မိတ်ဆက်

ရှေးဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေအား တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့် တိုင်းများမှ ကြီးကြပ်အုပ်ချုပ်သူများက တစ်ဦးချင်းမိတ်ဆက်ပေးကြသည်။

အမှာစကားပြောကြား

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မွန်မြတ်သည့် ရည်ရွယ်ချက်(၇)ရပ်ဖြင့် ခံ့ညားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ရောက်ရှိနေကြသည့် ပြည်နယ်နှင့် တိုင်းများမှ အနုပညာရှင်များ အဆင်ပြေစွာတည်းခိုနေထိုင်နိုင်ရေး၊ သွားလာရေး၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✧

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း (၄၀) ဖြစ်သည်။

ကျောက်စိမ်းအတွဲများတင်ဒါစနစ်ဖြင့် စတင်ရောင်းချ ပြည်တွင်းပြည်ပ ရတနာကုန်သည် ၂၀၄၀ အပြိုင်အဆိုင်ဝယ်ယူ

ရန်ကုန် အောက်တိုဘာ ၁၁

၂၀၀၅ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့် စတင်ရောင်းချမှုကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ၊ ဈေးပြိုင်ခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းတို့ တက်ရောက်၍ ကြည့်ရှုအားပေးပြီး ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့် ဝယ်ယူနေကြသော ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လိုအပ်မှုများကို ကူညီပံ့ပိုးဆောင်ရွက်ပေးသည်။

၂၀၀၅ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းတုံးများကို ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ပြည်တွင်းပြည်ပ ရတနာကုန်သည်များက အောက်တိုဘာ၅ရက်မှ အောက်တိုဘာ ၁၀ရက်အထိ ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာ၍ မိမိတို့ လိုအပ်သည့် ကျောက်စိမ်းအတွဲအဆိုပြုလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းခဲ့ကြသည်။

အဆိုပါ ကျောက်စိမ်းအတွဲ အဆိုပြုလွှာများကို ကျောက်စိမ်းအတွဲများ ရောင်းချရေး ဖွင့်ဖောက်စစ်ဆေးရေးအဖွဲ့က ဖွင့်ဖောက်စစ်ဆေးပြီး ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့် အများဆုံး ဝယ်ယူရရှိသူ ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ကြေညာရောင်းချပေးရာ ညနေ ၃နာရီတွင် ကျောက်စိမ်းအတွဲပေါင်း ၂၈၉တွဲရောင်းချရသည်။ ညနေပိုင်းတွင် ကျောက်စိမ်းအတွဲများကို ဆက်လက်ရောင်းချလျက်ရှိသည်။

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ နိုင်ငံပေါင်း ၁၃နိုင်ငံမှ ရတနာကုန်သည် ၁၂၂၇ဦးနှင့် ပြည်တွင်းမှ ရတနာကုန်သည် ၈၁၃ ဦး စုစုပေါင်း ၂၀၄၀ဦးတို့ ရောက်ရှိ၍အပြိုင်အဆိုင်ဝယ်ယူနေကြသည်။

ကျောက်စိမ်းအတွဲများကို အောက်တိုဘာ ၁၂ရက်တွင် တင်ဒါစနစ်ဖြင့် ဒုတိယနေ့အဖြစ် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)